မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၁)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ မိုဟာမက် ဇီလာရာမန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

ယင်းသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်း ဘွန်နတ်ခ်နှင့် စစ်သံမှူး Colonel Ekachai Harnpoonvittaya တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်)

လူတိုင်းသက်တမ်းစေ့နေနိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေး တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

လူသားတိုင်း သက်တမ်းစေ့ အသက်ရှင်နေနိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေးဟူသော ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်နှစ်ရပ်ကို ဖော်ဆောင်ရန် နည်းနာသုံးရပ် ချမှတ်ထားသည်။

ယင်းတို့မှာ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါတားဆီးခြင်းနှင့် ရောဂါဖြစ်ပွားပါကလည်း ထိရောက်စွာ ကုသမှုပေးခြင်းတို့ဖြစ်သည်။ နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် အနာကြီးရောဂါကင်းဝေးရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ၌ အောင်မြင်မှုရရှိခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ သတ်မှတ်ချက်ဖြစ်သည့် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ်မှကင်းဝေးသော အခြေအနေကို ၂၀၀၃ ခုနှစ် ဇန်နဝါရီလကုန်တွင် ရရှိခဲ့သည်။

အနာကြီးရောဂါသည် အရေပြားနှင့် အာရုံကြောကို ထိခိုက်ပျက်စီးစေပြီး စောစီးစွာစနစ်တကျ ဆေးကုသမှုခံယူခြင်းမရှိပါက ကိုယ်အင်္ဂါချို့ယွင်း ပျက်စီးစေတတ်သော ရောဂါဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်းဆိုသည်မှာ အနာရောဂါကင်းရှင်းပြီး ကိုယ်အင်္ဂါ မသန်မစွမ်းမှုမရှိရုံသာမက ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများပါ ပြည့်စုံခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၅၂ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူနီဆက်ဖ်တို့၏ ထောက်ပံ့မှုဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ လူနာများကို ဒက်ပဆုံး ဆေးတစ်မျိုးတည်းကိုသာ တိုက်ကျွေးကုသခဲ့သည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ သတ်မှတ်ချက်ဖြစ်သော MDT ကုထုံးကို ၁၉၈၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် နယ်စပ်ဒေသများပါမကျန် တစ်ပြည်လုံးရှိ လူနာများအား နယ်မြေလွှမ်းခြုံမှု ရာခိုင်နှုန်းပြည့်ရရှိရန် ဆောင်ရွက်ခဲ့သည်။

သို့ဖြစ်ပေရာ အနာကြီးရောဂါ တိုက်ဖျက်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အနာကြီးရောဂါကင်းဝေးရေးကို ရေရှည်တည်တံ့ရန်ထိန်းသိမ်းရေး၊ ရောဂါကြောင့် ကိုယ်အင်္ဂါချို့ယွင်းပျက်စီး၍ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခများ ဆုံးရှုံးနေသူများကိုမူလ အသိုင်းအဝိုင်းသို့ ပြန်လည်ဝင်ဆံ့နိုင်ရန် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းကူညီ လက်တွဲပါဝင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၄၂၄၅ ဦးရှိပြီဖြစ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၇

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ တိုက်ပွဲပြင်ပတွင် မတော်တဆမှု ကြောင့် သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်အခြေစိုက် နိုင်ငံစုံတပ်ဖွဲ့ တွင်တာဝန်ယူသည့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ ဖေဖော်ဝါရီ ၁၄ရက်က သေဆုံး သွားကြောင်း အခင်းဖြစ်ပွားရာ နေရာနှင့် အချိန်အတိအကျကို ယင်းကြေညာချက်၌ မဖော်ပြသေးပေ။

ကွဲ့ခိုင်မှု

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သည့် တပ်များဦးဆောင်ပြီး ၂၀၀၃ ခုနှစ် မတ်လတွင် ကျူးကျော်ဝင်ရောက်ပြီးနောက် ယနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၄၂၄၅ ဦး ရှိသွားပြီ ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၁၈-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၁၅ ၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၀ ၉။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူ ပြုသင်ခန်းစာ (ပထဝီဝင်)
၅:၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၄။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၂၂)
၆:၄၅ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၂၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဖြေလိုက်ပါ
၂၁။ ICT သုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၈)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိပြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၇:၄၅-၁:၄၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၁၀-၂:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၃၅-၂:၃၅ Activities in the City (မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းညီလာခံ)
၈:၅၅-၂:၅၅ ဝသုန္ဓာမြေ သိကြားစေ စကားဝါမြေမှကောင်းမှု သက်သေ
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၉:၃၅-၃:၃၅ တေးဂီတအစီအစဉ်
၉:၄၀-၃:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅-၃:၄၅ Midweek Sports News
၁၀:၀၀-၄:၀၀ တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅ မိုးလေဝသခန့်မှန်းချက်
၁၀:၁၀-၄:၁၀ အတ္တရံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၀:၂၀-၄:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅ နေထိုင်မှုဝင့်ကြွား အဆင့်မြင့် အိမ်ရာစီမံကိန်းများ
၁၀:၄၅-၄:၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၅၅-၄:၅၅ စားချင်စဖွယ်နည်းအသွယ်သွယ်
၁၁:၁၅-၅:၁၅ တေးဂီတအစီအစဉ်
၁၁:၂၀-၅:၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၂၅-၅:၂၅ မြန်မာ့တွင်းထွက် အလှရတနာ
၁၁:၃၀-၅:၃၀ Internet Directory (Orange Internet Cafe)
၁၁:၅၀-၅:၅၀ တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀ မိခင်နို့တိုက်ကျွေးခြင်း အကျိုးကျေးဇူးများနှင့် မယ်လမင်းဓာတ်ပါဝင်နေသော အစားအစာများ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသော်ဇင်၊ ဒေါက်တာအေးအေးသိန်း)
၁၂:၃၅-၆:၃၅ Myanmar Video Rhythm
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော် မြန်မာ့အသံ

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

(၁၉-၂-၂၀၀၉)

၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅ တရားတော် အငိုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ် ဓမ္မပူဇာတေးပဒေသာ
၇:၂၀ (၃၈)ဖြာမင်္ဂလာ
၇:၂၅ နံနက်ခင်းတေးပဒေသာ
၈:၀၀ စံတော်ချိန် + သတင်း
၈:၁၀ နံနက်ခင်းတေးပဒေသာ
၈:၃၀ လောကနီတိ အသိရှိစေဖို့ (သတိတရား)
၈:၃၅ တေးပဒေသာ
၉:၀၀ အစီအစဉ်ပြီး၏။
၁၀:၀၀ သောတရှင်လိုရာတေး
၁၀:၃၀ သတင်းစာအာဘော်
၁၀:၃၅ တေးပဒေသာ
၁၁:၀၀ နေ့လယ်ခင်းသတင်း
၁၁:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅ ဖျော်ဖြေသီကြွေးသူ့အလှည့်တေး (ရှင်ဖုန်း)
၁၁:၄၅ သိပ္ပံပညာသိကောင်းစရာ လူနေမှုတိုးတက်ရေး ဖြစ်စဉ်သမိုင်းကြောင်း (အပိုင်း-၃)
၁၁:၄၅ တေးသီချင်း
၁၂:၀၀ စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂:၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (သစ္စာတိုင် ပတ်ပျိုး၏ရသ) သာရဝေါ စိုးကြည်
၁၂:၂၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၁၃:၀၀ မွန်းလွဲပိုင်းသတင်း
၁၃:၁၀ တေးပဒေသာ
၁၃:၃၀ အစီအစဉ်ပြီး၏။
၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၂၀ ဆောင်းပါး (လူနဲ့လောကခံ)
၁၆:၃၀ ၂၀၀၉ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၁၇:၀၀ အလုပ်အကိုင်အခွင့်အလမ်း
၁၇:၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ကျွန်မနဲ့ မြန်မာ့အသံ)
၁၇:၂၅ သတင်းစာဆောင်းပါး
၁၇:၃၀ ညနေခင်းတေးပဒေသာ
၁၈:၀၀ ညနေခင်းသတင်း
၁၈:၀၅ ညနေခင်းတေးပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (ဗေဒင်မေးစရာမလိုပါ)
၁၈:၄၀ တေးပဒေသာ
၁၉:၀၀ နိုင်ငံတကာသတင်း
၁၉:၀၅ ညချမ်းချိန်ခါတေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉:၂၀ သုတစုံစွာသိမှတ်စရာ (ပစိဖိတ်သမုဒ္ဒရာအောက်မှ မျက်မှန်ပါရှိသည့်ထူးခြားသောငါးမျိုးစိတ်)
၁၉:၄၀ ရေဒီယိုအတိတ်တေးအရိပ်
၂၀:၀၀ ပြည်တွင်းသတင်း
၂၁:၀၀ ညချမ်းချိန်ခါတေးပဒေသာ
၂၀:၅၀ တေးသံစုံ(စစ်ကိုင်းလုရွှေနှင့်အဖွဲ့)
၂၁:၀၀ ဆောင်းပါး-သန်းကြွယ်သူဌေးကြီး **Donaltrump** ၏ အောင်မြင်မှုကို ရနိုင်သောနည်းလမ်းများ စီးပွားရေးဦးတည်ချက်
၂၁:၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၂၂:၀၀ အစီအစဉ်ပြီး၏။

တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင် ပိုင်း ၌ ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်သည့် တန်ချောင် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တွေ့ရစဉ်။ (အင်တာနက် ဓာတ်ပုံ)

ဗြိတိန်နိုင်ငံ၏ စီးပွားရေးအခြေအနေ ယခုနှစ်အတွင်း ၃ ဒသမ ၃ ရာခိုင်နှုန်းလျော့ကျသွားမည်

လန်ဒန် ဖေဖော်ဝါရီ ၁၇

တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းမှု အလှည့်အပြောင်းနှင့် တင်းကျပ်သော အကြွေးဆပ်နိုင်မှု အခြေအနေများက ကုမ္ပဏီများအပေါ် ဖိစီးလျက်ရှိစဉ် ဗြိတိန်နိုင်ငံ၏ စီးပွားရေးမှာ မျှော်မှန်းထားသည်ထက် ပိုမိုကျဆင်းမည်ဟု ဗြိတိန်စက်မှုလုပ်ငန်းအဖွဲ့ (စီဘီအိုင်)က ဖေဖော်ဝါရီ ၁၆ရက်တွင် ကြေညာသည်။

ယခုနှစ်အတွင်း ဗြိတိန်နိုင်ငံ၏စီးပွားရေးမှာ ၃ ဒသမ၃ ရာခိုင်နှုန်းလျော့ကျသွားမည် ဖြစ်ကြောင်း၊ ယင်းပမာဏမှာ ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ၁ ဒသမ ၇ရာခိုင်နှုန်း လျော့ကျမည်ဟု ကြိုတင်ခန့်မှန်းထားသည်ထက် နှစ်ဆနီးပါးရှိကြောင်း စီဘီအိုင်က ကြေညာသည်။ ထို့ပြင် ဗြိတိန်နိုင်ငံ၏စီးပွားရေးမှာ ၂၀၁၀ပြည့်နှစ်တိုင်အောင် တိုးတက်ဖွံ့ဖြိုးမည့်လက္ခဏာမရှိကြောင်း ခန့်မှန်းလိုက်သည်။

ငွေကြေးဈေးကွက်

ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးအကျပ်အတည်းက လက်ကားငွေကြေး ဈေးကွက်ကို ရပ်တန့်သွားစေပြီး ဘဏ်များကို စီးပွားရေးလုပ်ငန်းနှင့် ငွေသုံးစွဲသူများအား ထုတ်မချေးနိုင်အောင် အကျပ်ရိုက်သွားစေသည်။

အမ်အင်န်အေ၊ ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်တို့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)အတွင်း သတင်းစာပုံနှိပ်ထုတ်ဝေနေမှုကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ ချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ်တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် နံနက် စနာရီတွင် ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ကိုယ်ပွားသတင်းစာတိုက်အတွင်း သတင်းစာပုံနှိပ်ထုတ်ဝေနေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိရေး အစီအမံအရ စစ်တွေမြို့နယ်မှ ကျေးရွာ ၂၇ရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ကျေးရွာ ၉၂ရွာ၊ ကျောက်တော်မြို့နယ်မှ ကျေးရွာ ၇၉ရွာ၊ မြောက်ဦးမြို့နယ်မှ ကျေးရွာ ၉၄ရွာ၊ မင်းပြားမြို့နယ်မှ ကျေးရွာ ၆၂ရွာ၊ ပေါက်တောမြို့နယ်မှ ကျေးရွာ ၅၃ရွာ၊ မြေပုံမြို့နယ်မှ ကျေးရွာ ၅၁ရွာ၊ ရသေ့တောင်မြို့နယ်မှ ကျေးရွာ ၈၈ရွာ၊ မောင်တောမြို့နယ်မှ ကျေးရွာ ၉၈ရွာ၊ ဘူးသီးတောင်မြို့နယ်မှ ကျေးရွာ ၇၈ရွာ၊ ကျောက်ဖြူမြို့နယ်မှ ကျေးရွာ ၅၄ရွာ၊ ရမ်းဗြဲမြို့နယ်မှ ကျေးရွာ ၅၁ရွာ၊ မာန်အောင်မြို့နယ်မှ ကျေးရွာ ၃၆ရွာ၊ အမ်းမြို့နယ်မှ ကျေးရွာ ၂၉ရွာ၊ စုစုပေါင်း မြို့နယ် ၁၄မြို့နယ်ရှိ ကျေးရွာ ၈၉၂ ရွာတို့မှ သတင်းစာ ကိုယ်စားလှယ်များထံ ပုံနှိပ်ပြီး သတင်းစာများကို ပေးအပ်သည်။

နှုတ်ဆက်

ယင်းနောက် ဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် အခမ်းအနားသို့တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်အကောင်အထည်ဖော်

ရခိုင်ပြည်နယ်အတွင်း နေ့စဉ်ထုတ် သတင်းစာ မရောက်ရှိသေးသည့် ကျန်ရှိသော ကျေးရွာများသို့ နေ့စဉ်ထုတ် သတင်းစာများ ရောက်ရှိ ဖတ်ရှုနိုင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ) ပုံနှိပ်စက်အသစ် တိုးမြှင့်တပ်ဆင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိအောင် စီမံဆောင်ရွက်သည့် အခမ်းအနားတွင် ရခိုင်ပြည်နယ် မြို့နယ် ၁၄မြို့နယ်ရှိ ကျေးရွာ ၈၉၂ရွာတို့မှ သတင်းစာကိုယ်စားလှယ်များထံ ပုံနှိပ်ပြီး သတင်းစာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက် သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါးတွင် ညအပူချိန် သုည ဒီဂရီစင်တီဂရိတ်ရှိပြီး နမ့်စန်၌ ၄ ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီ ၁၇ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေများကို ဖော်ပြရပါလျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

တိမ်အသင့်အတင့်

ဖေဖော်ဝါရီ ၁၈ရက် **(ယနေ့)** ပြည်နယ်နှင့် တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့၌ အများအားဖြင့် သာယာမည် ဖြစ်သည်။

ဖေဖော်ဝါရီ ၁၈ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည် ဖြစ်သည်။

သာယာမည်

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေမည် ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည် ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ်၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၅ရက် နံနက် ၈နာရီက တောင်သာမြို့နယ် ကျွဲတလင်းကျေးရွာ၌ ကြီးပင်တဲကျေးရွာ၊ နဂါးဗိုလ်ကျေးရွာ၊ တောင်လုလင်ကျေးရွာ၊ ခိုဇင်ကျေးရွာ၊ ကျွဲတလင်းကျေးရွာ၊အင်ကြင်းသာ ကျေးရွာနှင့် တောင်ဦးဇလုတ်ကျေးရွာတို့မှ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး တောင်သာမြို့နယ် ကျောက်တစ်လုံး ရေကူရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ဝန်ကြီးသည်မွန်းလွဲပိုင်းတွင် သဘွတ်ပင်တဲကျေးရွာ၌ သဘွတ်ပင်တဲကျေးရွာ၊ ရုံးတောကျေးရွာ၊ အိုးတောင်ကျေးရွာ၊ ကျွဲတပ်ကျေးရွာ၊ မြင်းခြံကုန်းကျေးရွာ၊ သီးပင်ကုန်းကျေးရွာ၊ သန်းကုန်းကျေးရွာနှင့် စွန်းလွန်းကျေးရွာတို့မှ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပြီး လယ်ကွက်ကြီးကျေးရွာသို့ သွားရောက်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးမှု၊ ရေလှောင်တမံမှ ရေကို အသုံးပြု၍ ရေအားလျှပ်စစ်ထုတ်လုပ်မှုနှင့်ရေလွှဲမြောင်းမသို့ရေပြန်လည်လွှတ်ပေးနိုင်မှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည်ညနေပိုင်းတွင် ကျောက်ကာကျေးရွာအုပ်စု တဲယာအခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု တဲယာကျေးရွာ၌ သဘာဝစွန့်ပစ်ပစ္စည်းသုံး Bio-Gas အသုံးပြု၍ လျှပ်စစ်မီးရရှိရေးအတွက် သဘာဝစွန့်ပစ်ပစ္စည်းသိုလှောင်ကန်များ၊ လျှပ်စစ်မီးပေးရန် အင်ဂျင်စက်ခန်းများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြု မကွေးမြို့နယ်တွင် ကျောက်ချောလမ်းဖွင့်

မကွေး ဖေဖော်ဝါရီ ၁၇

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့်မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အောင်မြေကုန်းကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ရက်က မကွေးမြို့နယ် အောင်မြေကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် လမ်းသစ်ဖွင့်ပွဲနှင့်ပတ်သက်၍ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်ကျော်က ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်၊ မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအေးလွင်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

တို့နောက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲဆိုင်းဘုတ်ကို မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အကုန်အကျခံဆောင်ရွက်

အဆိုပါကျောက်ချောလမ်း အရှည် ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ပေကို မြေသားလမ်းမှ ကျောက်ချောလမ်းသစ်အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၈၁၆၀၀၀၀ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ်စည်ပင်)

အခွန်ဆိုင်ရာကိစ္စရပ်များ မော်လမြိုင်တွင် ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ကြီးမှူးကျင်းပသောမော်လမြိုင်မြို့နယ်မှ စားသောက်ဖွယ်ရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးရုံး၌ကျင်းပရာ မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး **(ဝဲပုံ)** မော်လမြိုင်မြို့နယ် ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးက စားသောက်ဖွယ် ရောင်းချသည့်လုပ်ငန်းရှင်များအား သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြ၍ လုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြည်နယ်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးနှင့် ခရိုင်ပြည်တွင်းအခွန်များ ဦးစီးဌာနမှူးတို့က ပြန်လည်ဖြေကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန သင်္ဃန်းကျွန်းပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးကျော်ဝင်းက စတုတ္ထတန်းမှ ပညာရည်ချွန်ဆုရ မောင်မင်းသူလွင်အား ထူးချွန်ဆုချီးမြှင့်စဉ်။ (၁၂၁)

တောင်ကုတ်မြို့၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

သံတွဲ ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် သံတွဲခရိုင် ရိုးမလှိုင်း တောင်ကုတ်မြို့နယ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁ရက် မွန်းလွဲ ၂နာရီက တောင်ကုတ်မြို့ အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ ရိုးမလှိုင်း တောင်ကုတ်မြို့နယ်စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမောင်ပုနှင့် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးညိုအုန်းတို့က အမှာစကား ပြောကြားကြသည်။

(ခရိုင် ပြန်/ဆက်)

စာပေဟောပြောပွဲ အင်းစိန်တွင်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် ပိန္နဲကုန်းစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် ည ၇နာရီခွဲက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ အင်းစိန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကား ပြောကြားသည်။

ဟောပြော

ထို့နောက်စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ ဒါရိုက်တာ မောင်ဝဏ္ဏက အတွေ့အကြုံခေါင်းစဉ်ဖြင့်လည်းကောင်း **(အောက်ပုံ)**၊ စာရေးဆရာ လယ်တွင်းသား စောချစ်က ဘဝမှတ၊ စာမှဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ပိန္နဲကုန်းရပ်ကွက် ဥက္ကဋ္ဌ ဦးကိုကိုထွန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ခြင်းလုံးခတ်ပြိုင် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၄ရက်နှင့် ၁၅ရက်က တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၁၁မြို့နယ်မှ အသင်းများဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အကောင်းဆုံး

ပြိုင်ပွဲတွင် ဗဟန်းမြို့နယ်က ပထမ၊ လှိုင်သာယာမြို့နယ်က ဒုတိယနှင့် သာကေတမြို့နယ်က တတိယရရှိကြသည်။ ပြိုင်ပွဲ၏ အကောင်းဆုံး အားကစားသမားဆုကို လှိုင်သာယာမြို့နယ်မှ ဖိုးလပြည့်က ရရှိသွားပြီး တက်သစ်စလူငယ်ကစားသမားဆုကို မျိုးအောင်ခိုင်က ရရှိသည်။

တံခွန်စိုက်ဒိုင်း

ထို့နောက် ဆုများကိုချီးမြှင့်ရာ ဗိုလ်စွဲသွားသော ဗဟန်းမြို့နယ်အသင်းအား ရန်ကုန်တိုင်း ခြင်းလုံးဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် ဒုတိယဥက္ကဋ္ဌဦးမြမောင်တို့က တံခွန်စိုက်ဒိုင်း ချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)** **(တိုင်း အား/ကာ ဆပ်ကော်မတီ)**

(၅၈)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၈)ကြိမ်မြောက်မြန်မာနိုင်ငံပြက္ခဒိန် အစည်းအဝေးကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်း အမျိုးသားဓာတ်ရုံရှိအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသဒ္ဓိယက သြဝါဒကထာမြွက်ကြား၍ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက အမှာစကား ပြောကြားပြီး ပညာရှင်များကပညာရပ်ဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

အဆိုပါ (၅၈)ကြိမ်မြောက်မြန်မာနိုင်ငံ ပြက္ခဒိန်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲ မြန်မာနိုင်ငံဆေးဝါးစက်ရုံ(ပြင်ဦးလွင်)တွင် ကျင်းပ

ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးစက်ရုံ(ပြင်ဦးလွင်)တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက စက်ရုံတန်းစီကွင်း၌ ကျင်းပခဲ့သည်။

ဟောပြောပို့ချ

အခမ်းအနားတွင် စက်ရုံမှူး ဒေါက်တာမောင်မောင်က အဖွင့်အမှာစကား ပြောကြားပြီး ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအကြောင်း ဟောပြောပို့ချသည်။

ဆက်လက်၍ စက်ရုံရှေ့တန်းစီကွင်းတွင် မီးသတ်ဆေးဘူးများ အသုံးပြု၍ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြပွဲကို ကျင်းပသည်။ ယင်းနောက် ဌာနအသီးသီးရှိ အရာထမ်း၊ အမှုထမ်း၊ အမျိုးသား အမျိုးသမီးဝန်ထမ်းများက မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပါဝင် လေ့ကျင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)**

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်စခန်းများ စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် မီးသတ်စခန်းခွဲရှိ နှစ်ယူနစ် နှစ်ထပ် မီးသတ်စခန်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် လှိုင်သာယာမီးသတ်စခန်းသို့ သွားရောက်၍ မီးသတ်စက်နှင့်ယာဉ်များ ကွပ်ခိုင်ရေး၊ တပ်ဖွဲ့ဝင်များ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းရည်စည်းလုံးမှုရှိစေရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် လှိုင်သာယာစက်မှုဇုန်၌ ရေရရှိနိုင်မှုအခြေအနေနှင့် စက်မှုဇုန်စီမံခန့်ခွဲမှု ကော်မတီရုံး၌ မီးသတ်ယာဉ်စက်စွမ်းရည်ပြသမှု၊ Trade King Group Ltd. ပဲသန့်စင်စက်ရုံ၏ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှု၊ ရွှေပြည်သာမြို့နယ် မီးသတ်စခန်း၌ နှစ်ယူနစ် နှစ်ထပ်မီးသတ်စခန်း တည်ဆောက်နေမှုနှင့် ရွှေပြည်သာမီးသတ်စခန်းခွဲ အဆောက်အအုံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းဆယ်ယူခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၄ရက်က အမက(၇)ကျောင်း၌ကျင်းပရာ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ် ဥက္ကဋ္ဌ ဦးငွေးကျော်၊ မြို့နယ်ဆရာဝန် ဦးကျော်စိုးဝင်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က ကြည့်ရှု အားပေးကြစဉ်။

(မြန်မာ့အလင်း)

ကုန်ပစ္စည်း လုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ထိုင်းနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့တို့သည် ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကုန်ပစ္စည်းလုပ်ငန်းအလိုက် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ် ကျင်းပရန်စီစဉ်ထားသည်။

ဆွေးနွေးမည်

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ လျှပ်စစ်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာလုပ်ငန်းသုံးပစ္စည်း၊ ဆေးဝါးပစ္စည်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလှကုန်ပစ္စည်း၊ သန့်ရှင်းရေးဆိုင်ရာပစ္စည်းများ၊ ထုပ်ပိုးပစ္စည်း၊ လက်ဆောင်နှင့်အလှဆင်ပစ္စည်း၊ စာရေးကိရိယာပစ္စည်း၊ အားကစားဆိုင်ရာပစ္စည်း၊ လက်ကိုင်အိတ်၊ ဖိနပ်နှင့်သားရေထည်ပစ္စည်း၊ နိုင်လွန်ကြိုးနှင့် ပိုက်ဆက်ပစ္စည်း စသည့်ပစ္စည်းဆိုင်ရာ ကုမ္ပဏီ(၄၃)ခုတို့မှ ထိုင်းစီးပွားရေးလုပ်ငန်းရှင် ၇၁ဦးတို့က နမူနာပစ္စည်းများဖြင့် ဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာစီးပွားရေး လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ပြန်လည်တင်ပို့ ရောင်းချလိုသည့် ကုန်ပစ္စည်းများကို ပြသဆွေးနွေးရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ဆက်သွယ်နိုင်ကြပြီး အသေးစိတ်သိလိုပါက UMFCCI, IRD ဌာနနှင့် ဖုန်း-၂၁၄၃၄၄ မှ ၂၁၄၃၄၉ အထိ လိုင်းခွဲ(၂၀၃)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယင်းမာပင်မြို့နယ် ပြန်/ဆက် ထပ်ဆင့်ရှင်းလင်းဆွေးနွေး

ယင်းမာပင် ဖေဖော်ဝါရီ ၁၇

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ဖေဖော်ဝါရီ ၅ရက် မွန်းလွဲ ၂နာရီက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၀၀၉-၂၀၁၀ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းတာဝန်(၁၁)ရပ်၊ ကျေးရွာစာကြည့်တိုက်များ သတ်မှတ်စံ(၅)ရပ်နှင့် ပြည့်စုံရေးလုပ်ငန်းများ၊ မြို့နယ်ရုံးစာကြည့်တိုက်တွင် လစဉ် စာအုပ်စာစောင်များ တိုးပွားရေး၊ စာဖတ်သူ တိုးပွားရေး၊ ကျေးရွာတိုင်း သတင်းစာတစ်စောင် ရောက်ရှိရေးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ထပ်ဆင့်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ပညာချွန်ဆု

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက်က ယင်းကျောင်း ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က Grade-3 A(1) မှ ဆုရရှိသူ မောင်မင်းသီဟကိုကိုအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရွှေတောင်မြို့နယ် ကိုးတွင်းစဉ်ကျေးရွာတွင် ဖွင့်လှစ်

ရွှေတောင် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးလောင်အုပ်စု ကိုးတွင်းစဉ်ကျေးရွာ 30 KVA စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်က အဆိုပါစက်ရုံဘေး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က စက်ရုံတည်ဆောက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ စက်ရုံသစ်အား ပြည်ခရိုင် ဥက္ကဋ္ဌ ဦးကျော်ညွန့်၊ မြို့နယ် ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အုပ်စုဥက္ကဋ္ဌ ဦးအုံးမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရုံဆိုင်းဘုတ်ကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်တာဝန်ရှိသူတို့က အောင်သပြေခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌက စက်ရုံအတွင်းရှိ မိန်းခလုတ်အား ဖွင့်လှစ်၍ မီးစတင် ဖြန့်ဖြူးပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တက်ရောက်လာကြသူများက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လျှပ်စစ်မီးအန္တရာယ် ကင်းရှင်းစေရေး၊ လျှပ်စစ်မီးပြတ်တောက်မှုနည်းပါးစေရေး၊ စက်များအစဉ်ကွပ်ခိုင်မှု ရှိစေရေးတို့ကို ဂရုပြုပိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန် ညွှန်ကြားသည်။

လျှပ်စစ်မီးဖြန့်ဖြူးပေး

စက်ရုံအနေဖြင့် အဆိုပါအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ခြောက်ရွာရှိ အိမ်ခြေပေါင်း ၂၀၀ခန့်တို့သို့ လျှပ်စစ်မီးဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းတွင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ချင်းတွင်းအသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၈၀)နှင့်အထက် အသင်းဝင် ဘိုးဘွားများကန်တော့ပွဲ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် နှစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများ၊ နိုင်ငံတော်က ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရ ချင်းတွင်းနယ်သူ နယ်သားများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သတင်းပို့

ကန်တော့ခံ သက်ပြည့်ဘိုးဘွားများ၊ ဂုဏ်ထူးနှစ်ဘာသာနှင့်အထက်ရ အသင်းဝင်များ၏ သားသမီးများ၊ ဆုရသူများနှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ဆုအတွက် ပညာရေးငွေပဒေသာပင် စိုက်ထူလိုသော ချင်းတွင်းနယ်သူ နယ်သား စေတနာရှင်များသည် ဥက္ကဋ္ဌ ဦးဇော်ဝင်း ဖုန်း-၅၅၂၀၄၄၊ ၅၁၈၂၃၆၊ ဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် ဖုန်း-၅၃၄၇၆၄၊ ဗိုလ်မှူးကြီး ပီကျော်ဟန်(ငြိမ်း) ဖုန်း-၅၇၈၂၉၁၊ ဒေါ်မေစန်းတင် ဖုန်း-၂၄၆၂၃၁၊ အတွင်းရေးမှူး ဦးဝင်းငွေ ဖုန်း-၀၉-၈၀-၃၀၃၂၆နှင့် ဦးညွန့်ဝေ ဖုန်း-၅၀၀၁၀၅၊ အသင်းတိုက် တည်ရှိရာ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းသွယ် ခြံအမှတ် ၂၇၊ အခန်း ၅၇တို့သို့ ဖေဖော်ဝါရီ၁၃ရက်နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်း၊ အသင်းဝင်အားလုံးနှင့် အသင်းမဝင်ရသေးသည့် ချင်းတွင်းနယ်သားအားလုံး အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညီလာခံတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဖေဖော်ဝါရီ ၁၈ရက်မှ ၂၀ရက်အထိ ကျင်းပမည့် 1st Asia-Pacific Community- Based Rehabilitation (CBR) Congress အစည်းအဝေးသို့ တက်ရောက်ရန် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ဥက္ကဋ္ဌ ဦးမြတ်သူဝင်း၊ အတွင်းရေးမှူးဦးငွေရနှင့် အဖွဲ့ဝင်နှစ်ဦးတို့သည် ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည်။ အဆိုပါ ညီလာခံတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ ရပ်ရွာလူထုအခြေပြု မသန်စွမ်းသူများအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စာဆိုတော်နေ့ စာပေဟောပြောပွဲ မြင်းခြံ၌ ကျင်းပ

မြင်းခြံ ဖေဖော်ဝါရီ ၁၇

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၁ရက် ည ၇နာရီက မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုဥက္ကဋ္ဌ ပေးပို့သောသဝဏ်လွှာကို မြင်းခြံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သန်း(သိဏ်းသန်းအောင်-မြင်းခြံ)က ဖတ်ကြားပြီး ကဗျာဆရာ မောင်သင်းပန်က ကဗျာဆရာတစ်ယောက်၏ ဇာတ်သဘင် အတွေ့အကြုံကိုလည်းကောင်း၊ ယဉ်ယဉ်နု(မန္တလေး)က မေမေကမကြိုက်ဘူးကိုလည်းကောင်း၊ ဦးဘုန်း(ဓာတု)က ထို့ကြောင့် အဖေဟုခေါ်သည်ကိုလည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား မော်လမြိုင်၌ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၉ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မောရဝတီပန်းခြံ၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားတိုင်းရင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၉ ခုနှစ် (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို တိုင်းမှူးက ဖတ်ကြားပြီး**(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ဒေသဖွံ့ဖြိုးရေးစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇန်နဝါရီ ၂၃ ရက်တွင် ဒင်လိုပါး-ဒေါင်ဗားကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းဖောက်လုပ်မှုနှင့် ဆုရ်ခွါး-ဘုံဖုံး ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်

ပြည်နယ်ဥက္ကဋ္ဌသည် ဇန်နဝါရီ ၂၄ရက်တွင် မတူပီမြို့နယ် ရှာတလိုင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေး၍ ပံ့ပိုးငွေများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်သည်။

မှာကြား

ဆက်လက်၍ လေပီး-ခွါတောကြား ဘွေနူးချောင်းကူးတံတား တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် ရေဇွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံပြီး ဌာနဆိုင်ရာရုံးများကို စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

ဝိုင်းမော် ဖေဖော်ဝါရီ ၁၇

မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၆ရက် မွန်းလွဲ၁နာရီက (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် တီဗွီ၊ ရေဒီယိုနှင့်စာအုပ်စာစောင်များ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က စာကြည့်တိုက်အဆောက်အအုံ ရရှိရေးနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခိုင်မာစာကြည့်တိုက်အဆောက်အအုံ ၁၅လုံးအတွက် ငွေကျပ်၄၉သိန်းကို မြို့နယ်ဥက္ကဋ္ဌနှင့်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိက လက်ခံယူသည်။ ဆက်လက်ပြီး တီဗွီနှစ်လုံး၊ ရေဒီယိုအလုံး၂၀ နှင့် ငွေကျပ် ၂၇၉၅၀၀တန်ဖိုးရှိ စာအုပ်စာစောင်ပေါင်း ၁၃၈၄အုပ်တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဘောမ်ယိန်းက လက်ခံယူပြီး**(ဝဲပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၇-၂၀၀၈ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုနှင်းပွဲကို မတ် ၂၈ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် အသင်းတိုက်တည်ရာ အောင်ဆန်းကွင်း မြောက်ဘက်တန်း အကိုင် (၁၀/၁၁) ဒုတိယထပ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အသင်းသားအားလုံး တက်ရောက်ကြပါရန်၊ အသက်(၇၅)နှစ်အထက် အသင်းဝင် သက်ကြီးစာရင်းနှင့် ၂၀၀၆-၂၀၀၇၊ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး သုံးဘာသာနှင့်အထက် အောင်မြင်ကြသူအသင်းဝင်တို့၏ သားသမီးများ၏ အမည်စာရင်းကို ရရှိခဲ့သော အမှတ်စာရင်းမိတ္တူမှန်နှင့်အတူ မတ် ၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ အသင်းတိုက်သို့ဖြစ်စေ၊ အမှုဆောင်များထံသို့ဖြစ်စေ ပေးပို့နိုင်ကြပြီး လှူဒါန်းလိုကြသူများနှင့် ပညာရေးအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညွန့်ဇော် (ငြိမ်း) ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌ ဦးဟန်ကြူ ဖုန်း-၀၉-၅၁-၂၀၂၃၇၊ အမှုဆောင်ဦးဝင်းမြင့် ဖုန်း-၀၁-၂၉၂၅၃၆၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၂-၂၂၈၁၂၊ ပဲခူးမြို့နယ်အသင်းတိုက် ဖုန်း-၀၁-၃၇၈၃၀၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၆ဝ)

လက်တွေ့အသုံးချ ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ရန်ကုန်တိုင်းရုံး၌ ဖွင့်လှစ်ခဲ့သော လက်တွေ့အသုံးချ ဆန်စပါးဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ယမန်နေ့ညနေ ၃နာရီခွဲက ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းတက်ရောက်၍ အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဌာနဆိုင်ရာအရာရှိကြီးများ၊ UMFCCIမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

လေ့ကျင့်သင်ကြား

သင်တန်းကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည်မှစတင်၍ ဝယ်ယူခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲခြင်း၊ တင်ပို့ရောင်းချခြင်း၊ အရောင်းအဝယ်စာချုပ်စာတမ်းချုပ်ဆိုခြင်း၊ ငွေစာရင်းဖွင့်လှစ်ခြင်း၊ ငွေလွှဲခြင်းတို့အပြင် သင်္ဘောတင်လုပ်ငန်းအထိ လုပ်ငန်းစဉ်များကို လက်တွေ့လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံရင့်ကျက်သူများက လက်တွေ့ဆောင်ရွက်နိုင်အောင် လေ့ကျင့်သင်ကြား ပို့ချပေးခဲ့ကြောင်း၊ မြန်မာ့ဆန်များ အရည်အသွေးမီ၊ အဆင့်အတန်းမီ တင်ပို့ရောင်းချခြင်းဖြင့် မြန်မာ့ဆန်စပါးလောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

STI Educationသည်သြစတြေးလျနိုင်ငံ University of Wollongong UOW, University of Western Sydney UWS, TAFE NSW, Singapore Institute of Materials Management (SIMM), Hospitality Business School Singapore (HBS)တို့နှင့် ပူးပေါင်း၍ပညာရေးဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ၂၁ရက်နှင့်၂၂ရက်တို့တွင် ရန်ကုန်မြို့ရှိ Park Royal နှင့် Trader Hotel တို့၌ကျင်းပမည်ဖြစ်ရာ Australian Education Consultant မှMs.Jean Braid, SIMMမှ ဒါရိုက်တာ Mr.Roger Lee, HBS မှဒါရိုက်တာMr. Joshua Tanနှင့် STI မှ အတိုင်ပင်ခံပုဂ္ဂိုလ်များက ဦးစီးသွားမည်ဖြစ်သည်။

ပါဝင်

ယင်းပညာရေးဆွေးနွေးပွဲ၌ UWS နှင့် UOW ပညာရပ်များမှ Degree in Medicine/ Surgery/ Pharmacy, Nursing, Engineering, Aviation, Maritime, Laboratory Technology, Engineering, IT, Commerce, Accounting, ITနှင့် အခြားဘွဲ့များအပြင် မဟာဘွဲ့များနှင့် Ph.D ဘွဲ့များစွာလည်း ပါဝင်သည်။

TAFE သည် သြစတြေးလျနိုင်ငံရှိ အဆင့်မြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များ သင်ကြားပေးနေသည့် အဖွဲ့အစည်းကြီးဖြစ်ပြီး ဒီပလိုမာများဖြစ်သည့် Accounting & Business, IT, Building, Construction, Engineering, Children's Services, Commercial Cookery, Hospitality& Tourism,Dental Technology, Nursing, Aged Care, Design, Fine Arts, Fashion, Hair Dressing Beauty, Maritime, Aviation, Music,Media နှင့် အခြားဘာသာရပ်များစွာ ပါဝင်သည်။

Singapore Institute of Materials Management မှ ဒါရိုက်တာ Mr. Roger Lee က Curtin Technology University မှ ချီးမြှင့်သည့် Degree in Commerce အကြောင်းကို လည်းကောင်း၊ Diploma, Advanced Diploma in Supply Chain/ Logistics Managementကိုလည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံရှိ Hospitality Business School မှ ဒါရိုက်တာ Mr. Joshua Tan က Diploma in Hospitality and Tourism Management အကြောင်းကို လည်းကောင်း၊ သင်တန်းအမျိုးမျိုးအတွက် သင်တန်းပြီးဆုံးပါက လုပ်ကိုင်နိုင်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းမျိုးစုံကိုလည်းကောင်း ရှင်းလင်းပြောကြားကြမည် ဖြစ်သည်။

ချီးမြှင့်မည်

ထို့အပြင် ၂၀၀၈ခုနှစ် ပညာသင်နှစ်တွင် သင်တန်းအသီးသီး ပြီးမြောက်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား သင်တန်းအောင်လက်မှတ်များကို ချီးမြှင့်မည် ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

အဆိုပါ ပညာရေးဆွေးနွေးပွဲများသို့ စိတ်ပါဝင်စားသူများသည် STI သင်တန်းကျောင်းတည်ရှိရာ အဆောင် ၄ အခန်း ၇ မြန်မာအင်ဖိုတက်ခ် လှိုင်မြို့နယ် ရန်ကုန်မြို့နှင့် အမှတ် ၃၇၇ ရွှေဘုံသာလမ်း (အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၁၅၁နှင့် ၅၀၇၁၅၂၊ ၅၀၇၀၄၆မှ ၅၀၇၀၄၈၊ ၂၅၀၀၅၆နှင့် ၇၀၀၂၇၃တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မအူပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော မအူပင်မြို့နယ် ရေလဲကလေးကျေးရွာ ဘုရင့်နောင်လမ်းပေါ်ရှိ ကွန်ကရစ်တံတားဆောက်လုပ်နေမှုအခြေအနေအား ဇန်နဝါရီ ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအာကာမြတ်သူတို့ ကွင်းဆင်းကြပ်ရာ လုပ်ငန်းတာဝန်ခံ လက်ထောက် အင်ဂျင်နီယာ ဦးသန့်ဇင်မင်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပညာရည်ချွန်ဆုချီးမြှင့်

တာမွေမြို့နယ် အမက(၁၈) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ရက်က ကျင်းပရာ ဒုတိယတန်းတွင် ပထမဆုနှင့် အတန်းပေါင်းစုံတွင် ပထမဆုရ ဒုတိယတန်း(က)မှ မအင်ကြင်းမြတ်ဆုအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်အောင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် နေပြည်တော်ရှိ မြို့တော်ခန်းမဥက္ကဋ္ဌကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက အမှာ စကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး၏ ပထမနေ့အစီအစဉ်များကို နံနက်၁၀နာရီတွင် စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဆောင်ရွက်သည်။

ဖတ်ကြားတင်သွင်း

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်မြင့်ကြည်က မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ပြန်လည် သုံးသပ်ဆွေးနွေးမှာကြားပြီး နံနက်ပိုင်းအစီအစဉ်များကို ခေတ္တရပ်နားသည်။

သဘာပတိ

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း)တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

သုံးသပ်ဆွေးနွေး

ထို့နောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့များ၏ တင်ပြချက်များအပေါ် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပြန်လည်သုံးသပ်ဆွေး နွေးမှာကြားပြီး ပထမနေ့ အစည်းအဝေး အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ဆက်လက် ကျင်းပသွားမည်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး ကို ဖေဖော်ဝါရီ ၁၈ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် တက်ရောက်လာကြသူများ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ အဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြုလမ်းသစ်ဖွင့်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၇

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် ဇေယျာလမ်း(ကတ္တရာထပ်ပိုးလွှာခင်းခြင်း) လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇နာရီက ဇေယျာလမ်းထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပရာ စစ်ကိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်မြင့်သန်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပိုးတန်းရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ရှေးဦးစွာ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးကျော်ဇေယျက ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပိုးတန်းရပ်ကွက်နေ ဦးကြည်ညွန့်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ စစ်ကိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ စစ်ကိုင်းမြို့ ဇေယျာလမ်း ကတ္တရာလမ်းသစ်သည် အရှည် ပေ၂၂၆၀၊ အကျယ် ၁၈ပေရှိပြီး စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၆၅၁၁၁၄ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး လုပ်ငန်းအဖွဲ့နှင့် Information Channel (i-channel) တို့ ပူးပေါင်းစီစဉ်မှုဖြင့် အင်တာနက်နှင့်အီးမေးလ်သင်တန်းကို မတ် ၃ရက်မှစ၍ ရှစ်ရက်ကြာဖွင့်လှစ်မည်ဖြစ်ရာ ဖုန်း-၂၅၂၅၈၉ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်သည်။

စနူကာပြိုင်ပွဲများ ကျင်းပမည်

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် IBTC တို့ အဓိက ကူညီပံ့ပိုးမှုဖြင့် ပူးပေါင်း ကျင်းပသည့် ဘိလိယက်နှင့် စနူကာပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၅ရက်မှ ဧပြီ ၁၀ရက်အထိ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မကွေးမြို့များတွင် ကျင်းပမည်ဖြစ်ရာ လူသစ်တန်း စနူကာပြိုင်ပွဲကို မတ် ၂၄ရက်မှ ၂၇ရက်အထိလည်းကောင်း၊ စနူကာ ချန်ပီယံပြိုင်ပွဲကို မတ်၂၈ရက်နှင့် ဘိလိယက်ချန်ပီယံပြိုင်ပွဲကို ဧပြီ ၃ရက်မှ ၁၀ရက် အထိလည်းကောင်း ဒိုင်းမွန်းဘိလိယက်နှင့် စနူကာစင်တာ ကမာရွတ်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ဂျပန်နှင့်မဲခေါင်ဒေသနိုင်ငံများ ဘောလုံးပြိုင်ပွဲ မြန်မာပြိုင်မည်

ဂျပန်နှင့်မဲခေါင်ဒေသနိုင်ငံများ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ် (၂၀၀၉)အမှတ်တရ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ မြန်မာ ယူ-၁၅ဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ပြိုင်ပွဲကို ဂျပန်နိုင်ငံတွင် ဇွန် ၁ရက်မှ ၈ရက်အထိ ကျင်းပမည်ဖြစ်ကာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်ကြမည်ဖြစ်သည်။

ကျောက်ဆည်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ၂၁ရက်(စနေနေ့) နံနက်၉နာရီတွင် ကျောက်ဆည်အသင်း (ရန်ကုန်)ရုံးတည်ရှိရာ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွှော်ရုံဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၁-၅၅၂၇၃၆သို့ စုံစမ်းဆက်သွယ်နိုင်ကြောင်း သိရသည်။

နွေရာသီ ရေကူးသင်တန်းဖွင့်မည်

ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့)တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်နှစ်ချိန်ခွဲခြားထားရာ ဖုန်း-၅၄၂၇၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စက်မှုလက်မှု အထက(၁) အာစရိယပူဇော်ပွဲ

ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုလက်မှု အထက(၁)၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နတ်မောက်လမ်း ဗိုလ်ချုပ်ပန်းခြံဝင်းအတွင်းရှိ Royal Garden စားသောက်ဆိုင်၌ ဖေဖော်ဝါရီ၂၈ရက်(စနေနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နိုးဆော်ထားသည်။

မြန်မာ့ပဲ အိန္ဒိယမှ ဝယ်ယူရန်တင်ဒါခေါ်ထား

မြန်မာနိုင်ငံထွက် မတ်ပဲတန်ချိန် ၃၀၀၀ နှင့် ပဲစင်းငုံတန်ချိန် ၁၂၀၀၀ ကို အိန္ဒိယအစိုးရပိုင် PEC Ltd. မှ ဝယ်ယူရန်အတွက် တင်ဒါခေါ်ထားကြောင်း ဖေဖော်ဝါရီ ၁၀ရက်က စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်း ထုတ်ပြန်ထားသည်။

ရန်ကုန်လမ်းညွှန် ၂၀၀၉ ဖြန့်ချိ

စီးပွားရေးလုပ်ငန်းရှင်များနှင့် အများပြည်သူအတွက်လိုအပ်သော သတင်း အချက်အလက်နှင့် လိပ်စာများကို သိရှိနိုင်ရန်အတွက် ရန်ကုန်လမ်းညွှန် ၂၀၀၉ စာအုပ်ကို ဖြန့်ချိထားကြောင်း သိရသည်။

အင်္ဂလိပ်စာကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်မည်

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာ ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို မတ် ၁၀ရက် (အင်္ဂါနေ့)တွင် ရန်ကင်းစင်တာနှင့် ဗဟိုဘဏ်ကြားရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပမည်ဖြစ်ရာ လျှာဒါန်းလိုပါက ဖုန်း-၅၇၀၃၇၂ နှင့် ၇၀၃၃၇၅ တို့သို့ ဆက်သွယ်နိုင်သည်။

မြန်မာ့မီးရထားအငြိမ်းစားများ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာ့မီးရထား အငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် မြန်မာ့မီးရထား စက်ခေါင်း စက်ရုံ အင်းစိန်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များသည် အသင်းဝင်ကတ်ပြား များ မပျက်မကွက်ယူဆောင်၍တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General Anupong Paojinda** တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General Anupong Paojinda** တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

✳ *ကျောဖုံးမှ*

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာဘန်စန်းဘွန်နတ်ခ်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Colonel Ekachai Harnpoonvittaya တို့က နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးလေယာဉ်သည် နံနက် ၁၀ နာရီတွင် နေပြည်တော်လေဆိပ်သို့ ဆိုက်ရောက်လာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

အလေးပြုခြင်းခံယူ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် နေပြည်တော်လေဆိပ်ရှိ အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ဆက်လက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်ကလည်း ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခေတ္တတည်းခိုမည့် နေပြည်တော်ဟိုတယ်ဇုန်သို့ ထွက်ခွာကြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ နှလုံးရောဂါကုဌာနသုံး စက်ကိရိယာများနှင့် အောက်စီဂျင်ထုတ်ပေးစက်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးသို့ နှလုံးရောဂါကုဌာနသုံး စက်ကိရိယာပစ္စည်းများနှင့် အောက်စီဂျင်ထုတ်ပေးစက် တစ်လုံးတို့အား လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပရာ(**အောက်ပုံ**) ဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ နှလုံးရောဂါဆေးကုဌာန ပါမောက္ခ ဒေါက်တာထွန်းရွှေ၊ သမားတော်ကြီး ဒေါက်တာကျော်စိုးဝင်း၊ ဒေါက်တာမြင့်ငွေနှင့် တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မန္တလေးမြို့ ဖိနပ်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးရှမ်း-ဒေါ်ခင်သန်း(ဆေးဆိုးတိုက်)မိသားစုတို့က ငွေကျပ်၃၈သိန်းတန် နှလုံးရောဂါကုဌာနသုံး စက်ကိရိယာပစ္စည်းများကို လည်းကောင်း၊ သီပေါမြို့နေ ရီတာပေါ့ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်တင်တင်နှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ်ခုနစ်သိန်းတန် အောင်စီဂျင် ထုတ်ပေးစက် တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)လမ်းမတော် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အထက(၂)လမ်းမတော်(ယခင်မြမာလာ)ကျောင်းတွင် ပညာသင်ကြားခဲ့သည့် ကျောင်းသားကျောင်းသူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲကို မတ်၂၂ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်သည်။

အသက်(၆၀)ပြည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ၂၀၀၈ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူဟောင်းများသည် အာစရိယပူဇော်ပွဲသို့ မပျက်မကွက်တက်ရောက်ကြပါရန်နှင့်ပါဝင်လှူဒါန်းလိုသူများသည် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့် ဖုန်း-၂၂၈၁၀၄၊ ၀၉-၈၅-၁၆၁၉၉၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉-၉၉-၂၃၅၂၈၊ ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၂၄၅၀၉၆၊ ၀၉-၈၀-၃၀၂၆၁၊ အဖွဲ့ဝင် ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၃၈၀၄၀၁၊ အဖွဲ့ဝင်ဦးစိန်ဝင်း ဖုန်း-၂၂၂၂၆၇နှင့် ကျောင်းအုပ်ဆရာကြီး အထက(၂) လမ်းမတော်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

စင်ကာပူ-မြန်မာ ဆရာဝန်ကြီးများ မန္တလေးမြို့၌ အခမဲ့ခွဲစိတ်ကုသ စစ်ဆေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

စင်ကာပူသမ္မတနိုင်ငံမှဆရာဝန်ကြီးများနှင့် မြန်မာနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်း၍ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၂ရက်အထိ မန္တလေးမြို့၌ အခမဲ့ ကျန်းမာရေး စစ်ဆေးခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး ငါးထပ်ဆောင်တွင် ဆီးချို၊ နှလုံး၊ အရိုး၊ အထွေထွေခွဲစိတ်ကုသမှုများကို စင်ကာပူ-မြန်မာအထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကု စစ်ဆေးပေးမည်ဖြစ်ပြီး ကျန်းမာရေး၊ ပညာပေးပြခန်းများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်သည်။

ထို့ပြင် မျက်စိဝေဒနာရှင်များအား စင်ကာပူ-မြန်မာ မျက်စိအထူးကုဆရာဝန်ကြီးများက ၂၃လမ်းရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ အခမဲ့စစ်ဆေးကုသပေးမည်ဖြစ်သည်။

ကျန်းမာရေး စစ်ဆေးကုသလိုသော ဝေဒနာရှင်များ အနေဖြင့် သက်ဆိုင်ရာ ဆေးရုံကြီးများ၌ ဖေဖော်ဝါရီ ၁၇ရက်မှစ၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၂-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၅ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ လယ်ယာစီးပွား မြင့်မားစေရန် ပဒဲရေလှောင်တမံ
- ၈:၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၀ ၂။ သီချင်းကြီးပဒေသာ
- ၄:၂၀ ၃။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၄:၄၀ ၄။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
- ၅:၁၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၂၅ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၄၀ ၇။ တေးဂီတအစီအစဉ်
- ၅:၅၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ မြန်မာ့ခလေ့ရိုးရာလက်ဖွဲ့
- ၆:၅၀ ၁၂။ မူဟန်သွယ်သွယ် ဆိုကြမယ်
- ၇:၀၀ ၁၃။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇:၂၀ ၁၄။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **အပိုင်းကိန်းများ** ထွန်းထွန်း(Examplez)၊ ခိုင်သင်းကြည်၊ ဖူးစုံ (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၉။ အစီအစဉ်ပြီး၏။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ်သတင်းစာများရောက်ရှိရေး စွမ်းရည်မြင့်စက်အသစ်များ တပ်ဆင်ပံ့နှိပ်ခြင်းကို စတင်ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး မီဒီယာကဏ္ဍကို ပိုမိုတိုးချဲ့ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အဆောက်အအုံများဆောက်လုပ်ရန်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမဥ္စကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံများ ဆောက်လုပ်ရန်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အတွက် အလှူငွေများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာအုပ်စာစောင်များ၊ ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုစိတ်ဓာတ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် မိမိတို့ တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်း များစွာကတည်းက မြန်မာနိုင်ငံအတွင်း တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၍ အတူတကွ ရင်းနှီးယုက်နွယ် နေထိုင်လျက်ရှိကြကြောင်း၊ ပထဝီအနေအထားအရ တောင်တန်းကြီးများ၊ မြစ်ချောင်းများဖြင့် မည်သို့ပင် ပိုင်းခြားထားစေကာမူ တိုင်းရင်းသားအားလုံးသည်ခွဲခြား၍မရပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပြည်ထောင်စုပြိုကွဲစေမည့် သွေးခွဲမှု မှန်သမျှကို ကြံ့ကြံ့ခံ တွန်းလှန်ကာကွယ်ရင်း ယနေ့တိုင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လျက်ရှိကြပါကြောင်း။

နိုင်ငံတော်အစိုးရသည်နိုင်ငံတော်အတွင်း ဒေသအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော ဖွံ့ဖြိုးတိုးတက်မှုများကို ဒေသခံပြည်သူများ လက်တွေ့အကျိုးခံစားနေကြရပြီဖြစ်ကြောင်း၊ ထို့အပြင် ယခုအခါ ရခိုင်ပြည်နယ်အတွင်း ကဏ္ဍပေါင်းစုံ ပိုမို ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုးမြှင့် ဆောင်ရွက်ပေးရန် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးက စတင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

စတင်ဆောင်ရွက်

ရထားလမ်း ဆက်သွယ်ရေးတွင် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးအတွက် ယခုအခါ စစ်တွေ - ပုဏ္ဏားကျွန်း - ကျောက်တော်-မြောက်ဦး-မင်းပြား ရထားလမ်းပိုင်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရခိုင်ပြည်နယ်အတွင်း သူ့ရွှေချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် စိုင်တင်ရေအားလျှပ်စစ်စီမံကိန်းတို့ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မော်တော်ကားလမ်း အနေဖြင့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်း၊ ရန်ကုန်-ကျောက်ဖြူ မော်တော်ကားလမ်း၊ ငသိုင်းချောင်း-ဂွ-သံတွဲ မော်တော်ကားလမ်းများကို ဖောက်လုပ်ပေးခဲ့ပြီး ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း။

စတင်ထုတ်လွှင့်

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့်လည်း လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မီဒီယာကဏ္ဍကို ပိုမို တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး နေရာလပ်မကျန် ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ်တစ်ခု ထပ်မံတည်ဆောက်မည့်အပြင် ကျောက်တော်နှင့် သံတွဲရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများကို လွှင့်အားမြင့်စက်ပစ္စည်းများပြောင်းလဲတပ်ဆင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်တိုင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံများမှ ဖမ်းယူကြည့်ရှုနိုင်မှုမရှိသည့် အချို့နေရာများအတွက် DTH စနစ်ဖြင့် ဖမ်းယူကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် သံတွဲမြို့နှင့် အမ်းမြို့တို့၌ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလအတွင်း စတင်ထုတ်လွှင့်ပေးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ရေဒီယို ထုတ်လွှင့်မှုတွင်လည်း ရခိုင်ပြည်နယ် စစ်တွေမြို့၌ FM ရေဒီယို အမြန်ဆုံး တပ်ဆင်ထုတ်လွှင့်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာတိုင်းသို့ နေ့စဉ်ထုတ် သတင်းစာများ ရောက်ရှိ ဖတ်ရှုနိုင်ရေးအတွက် စွမ်းရည်မြင့် စက်အသစ်များ တပ်ဆင်ပုံနှိပ်ခြင်းကို စတင် ဆောင်ရွက်လျက်ရှိပြီး ယနေ့အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနက ကျေးရွာ ၄၀၀ အတွက် နေ့စဉ်သတင်းစာများ ဖတ်ရှုနိုင်ရန် တန်ဖိုး ငွေကျပ်၂၀၇၂၀၀၀ ကိုလည်းကောင်း၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကျေးရွာ ၆၄၀အတွက် တန်ဖိုးငွေကျပ် ၃၄၅၆၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းမှာဖြစ်ကြောင်း၊ ဆက်လက်၍ ကျန်ရှိသော ကျေးရွာများအားလုံး နေ့စဉ်သတင်းစာ ရောက်ရှိဖတ်ရှုနိုင်ရေးအတွက် ပြည်သူလူထု၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသအာဏာပိုင်များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း။

နိုင်ငံတော်အား လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် ကျေးလက်ပြည်သူများ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက် တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များပေါ်ပေါက်တည်တံ့ရေးကို ၂၀၀၃ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

စံ(၅)ရပ်နှင့်အညီ

တည်ထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည် တည်တံ့တိုးတက်ရေးအတွက် သတ်မှတ်စံ(၅)ရပ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ယနေ့ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက သတ်မှတ်စံ(၅)ရပ်နှင့်ကိုက်ညီသော ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၇ ခု တည်ဆောက်ရန်အတွက်တစ်ခုလျှင်ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း၅၁၀ကို လှူဒါန်းမည်ဖြစ်ကြောင်း၊ ယင်းလှူဒါန်းငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇မြို့နယ်၌ စံပြစာကြည့်တိုက်တစ်ခုစီ ဆောက်လုပ်သွားရန်ဖြစ်ကြောင်း၊ ဒေသဆားလုပ်ငန်းရှင် ဦးလှမောင်ရွှေ လှူဒါန်းသော စာကြည့်တိုက်သုံးခုအတွက် ငွေကျပ်သိန်း၉၀နှင့် ဦးအုန်းမြင့် လှူဒါန်းသော စာကြည့်တိုက်တစ်ခုအတွက် ငွေကျပ်သိန်း၃၀ တို့ကိုလည်း ကာယကံရှင်များ၏ဆန္ဒနှင့်အညီ ဆိုင်ရာကျေးရွာများ၌ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စာကြည့်တိုက် ပရိဘောဂများ၊ စာအုပ်၊ စာစောင်များကိုလည်းလှူဒါန်းပေးအပ်သွားမှာဖြစ်ပြီး တာဝန်ရှိသူများက အမြန်ဆုံးတည်ဆောက် အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်း။

လက်တွဲဖော်ဆောင်

နိုင်ငံတော် အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့် တစ်ဆင့်ချင်း စနစ်တကျ အကောင်အထည်ဖော်လျက်ရှိရာပြည်ထောင်စုတိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ထောက်ခံ အတည်ပြုထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အား ပျက်စီးရာပျက်စီးကြောင်းကြံစည်လုပ်ဆောင်လျက်ရှိသော ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်သမား လူပုဂ္ဂိုလ် အဖွဲ့အစည်းများ၏ အန္တရာယ်ကိုလည်း သတိရှိရှိဖြင့် ဝိုင်းဝန်း ကာကွယ်တိုက်ဖျက်သွားရန် လိုအပ်ပါကြောင်း။

အလွန်အရေးကြီး

ယနေ့ မြန်မာနိုင်ငံတစ်ဝန်းတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တည်ဆောက် ထားရှိပြီးဖြစ်သည့် အားလျော်စွာ ရရှိထားသော ဖွံ့ဖြိုးတိုးတက်မှုများကိုဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန်မှာအလွန်အရေးကြီးပါကြောင်း။

တိုင်းရင်းသားပြည်သူအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဥမကွဲသိုက်မပျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ကျရာအခန်းကဏ္ဍမှ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိုးလွင်က အမှာစကားပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ်အတွင်းရှိ စံပြကျေးရွာစာကြည့်တိုက် ၁၇ခုအတွက် စာအုပ်စာစောင်များကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇မြို့နယ်အတွက် တစ်မြို့နယ်လျှင် စာကြည့်တိုက်တစ်ခု တန်ဖိုးငွေကျပ် သိန်း၃၀ နှုန်းဖြင့် စစ်တွေခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်အတွက် ငွေကျပ်သိန်း၂၄၀၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်နှစ်မြို့နယ်အတွက် ငွေကျပ် သိန်း၆၀၊ ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အတွက် ငွေကျပ် သိန်း ၁၂၀၊ သံတွဲခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်အတွက် ငွေကျပ် သိန်း၉၀ စုစုပေါင်း စာကြည့်တိုက်၁၇ခုအတွက် ငွေကျပ်သိန်း ၅၁၀ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လက်ခံကြသည်။

ဆက်လက်၍ ဝန်ကြီးသည် ရခိုင်ပြည်နယ်အတွင်းရှိ စံပြကျေးရွာစာကြည့်တိုက် ၁၇ခုအတွက် စာအုပ်၊ စာစောင်၈၅၀၀ကို ပေးအပ်လှူဒါန်းရာ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်က လက်ခံသည်။

ယင်းနောက်ဝန်ကြီးသည်ကျေးရွာပေါင်း၄၀၀သို့ နေ့စဉ်ထုတ်သတင်းစာလှူဒါန်းရန်အတွက်ငွေကျပ်၂၀၇၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

လက်ခံ

ထို့နောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြည်နယ်အတွင်းရှိစံပြကျေးရွာစာကြည့်တိုက် ၁၇ခုအတွက် ပရိဘောဂပစ္စည်းများဝယ်ယူလှူဒါန်းရန် ငွေကျပ်၈၅သိန်းကို စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးစိုးလွင်က ပေးအပ်ရာ ဝန်ကြီးက လက်ခံသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ကျေးရွာ ၆၄၀သို့ နေ့စဉ်ထုတ်သတင်းစာ လှူဒါန်းရန်အတွက် ငွေကျပ် ၃၄၅၆၀၀၀ ကို ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးရဲနိုင်အောင်က ပေးအပ်လှူဒါန်းရာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက လက်ခံသည်။

အလှူငွေ

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ စေတနာရှင်များက စံပြကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းသော အလှူငွေ ကျပ် ၁၅၄၅၄၀၀၀၊ ရုပ်မြင်သံကြားဖမ်းစက်ကိုးလုံး တန်ဖိုး ငွေကျပ် ၁၁၇၀၀၀၀ နှင့် ငွေကျပ် ၈၄၅၈၈၀၀တန်ဖိုးရှိ စာအုပ်စာစောင်များကို ဦးကျော်မြင့်ကလည်းကောင်း၊ အလှူရှင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေ ကိုယ်စား ရခိုင်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဦးတင်ရွှေက ကျေးရွာ စာကြည့်တိုက် သုံးခုဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၉၀ကိုလည်းကောင်း၊ အလှူရှင် ရန်ကုန်မြို့နေ ဦးအုန်းမြင့် (Civil Tech) ကိုယ်စား ဦးကျော်ဦးက ကျေးရွာစာကြည့်တိုက် တစ်ခု ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝေက လက်ခံသည်။

ယနေ့ ငွေပဒေသာပင်အတွက် လှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုးလှူဒါန်းငွေ ကျပ် စုစုပေါင်းမှာ ကျပ်၉၇၀၃၂၈၀၀ ဖြစ်သည်။

လှူဒါန်းပွဲအပြီးတွင် ဝန်ကြီးနှင့် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ချက်နိုင်ငံ၌ ခရီးသည်တင်ရထား နှစ်စင်းတိုက်မိ

မိုရာဗီရာ ဖေဖော်ဝါရီ ၁၇

ချက်သမ္မတနိုင်ငံ ပရာ့ဂ်မြို့အရှေ့ဘက် ကီလိုမီတာ၃၂၀ခန့်ရှိဘူတာရုံအနီး ဖေဖော်ဝါရီ ၁၇ရက်က ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ ခရီးသည်၄၃ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ချက်သမ္မတနိုင်ငံ အရာရှိများက ပြောကြားသည်။

တိုက်မိ

ရထားတိုက်မှုမှာ ခရီးသည်၁၂၀တင်ဆောင်ကာ တစ်နာရီ ၂၅မိုင်နှုန်း မောင်းနှင်လာသော ခရီးသည်ရထားတစ်စင်းနှင့် ခရီးသည် ၁၁၀ တင်ဆောင်လာသော ရထားတစ်စင်းတို့ မိုရာဗီရာမြို့အနီးတွင် ခေါင်းချင်းဆိုင်တိုက်မိခဲ့ကြခြင်းဖြစ်သည်။ ခရီးသည်၁၁၀ တင်ဆောင်လာသော ရထားမှာ ဘူတာအနီး အချက်ပြမီးနီကိုဖြတ်ကာ မောင်းနှင်လာခဲ့ခြင်းကြောင့် ယခုကဲ့သို့ တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ အရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

လက်တွဲညီညီ ရှေ့သို့ချီ

စည်သူအောင်

အချိန်ဆိုတာ အမြဲပဲ ရှေ့ကိုသွားနေတယ်။ အချိန်နဲ့အမျှ လောကသုံးပါး စလုံးကလည်း ဖြစ်တည်ပျက် အစဉ်တွေနဲ့အတူ အတိတ်ကိုထားရစ်ခဲ့၊ ပစ္စုပ္ပန်မှာ ခဏတည်နေပြီး အနာဂတ်ဆီ ဦးတည်ရွေ့လျားနေကြစမြဲ ဖြစ်ပါတယ်။

အဲဒီလို အနာဂတ်ဆီ ဦးတည်သွားကြရာမှာ မိမိတို့ရဲ့ ပစ္စုပ္ပန်ကာလ ပြုလိုက်ကြတဲ့ ကောင်းမှုကံ၊ မကောင်းမှုကံတွေရဲ့အကျိုးသတ္တိအားဖြင့် လူတွေရဲ့ ဘဝတစ်ခုချင်းဖြစ်စေ၊ လူ့ဘောင်အဖွဲ့အစည်းတစ်ခုလုံးအတွက်ဖြစ်စေ တိုးတက်မှု၊ ဆုတ်ယုတ်မှုဆိုတာတွေဟာ ဖြစ်ပေါ်လာကြရစမြဲပါ။

ဗုဒ္ဓဘာသာအလိုအားဖြင့်တော့ သတ္တဝါတွေဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်တရားတွေ ဖုံးလွှမ်းပြီးတော့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို မေ့လျော့ပစ်ပယ်လာတာနဲ့အမျှ သက်တမ်းက ဆုတ်ယုတ်လာပြီးတော့ အသက်အသင်္ချေတန်းကနေ ၁၀နှစ်တမ်းအထိ လျော့ကျလာတဲ့ ကလိယုဂ်ဆုတ်ကပ်၊ အဲဒီကနေပြီးမှ ကြောက်လန့်သံဝေဂရကြပြီး ကောင်းမှုတွေပြုကြပြန်လို့ တဖြည်းဖြည်းသက်တမ်းပြန်ရှည်လာကာ အသင်္ချေတန်းအထိ တက်ကပ်ပြန်ဖြစ်၊ အဲဒီလိုဆုတ်ကပ်၊ တက်ကပ်တွေ အကြိမ်ပေါင်း (၆၄)ကြိမ်ဖြစ်ပြီးရင် အသင်္ချေယျကပ်တစ်ကပ်၊ အဲလိုကပ်ပေါင်းလေးကြိမ်ဖြစ်ပြီးရင် ''မီး၊ ရေ၊ လေ''အကြောင်းတစ်ခုခုကြောင့် ကမ္ဘာတစ်ခါပျက်ရတယ်လို့ ဆိုပါတယ်။

တကယ်တမ်း ခေတ်ကိုသိ၊ စနစ်ကိုသိ၊ အဖြစ်မှန်တွေကို မိမိတို့ဘဝနဲ့ညှိပြီး မြင်တတ်မယ်ဆိုရင်တော့ မရပ်မနား ရှေ့ကိုသွားနေတဲ့အချိန်နဲ့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာကြွယ်ဝစေဖို့ အားလုံးလက်တွဲပြီး ရှေ့ကိုချီတက်နေကြတာကိုပဲ မြန်မာပြည်သူတစ်ရပ်လုံးက မြင်ချင်တွေ့ချင်နေကြတယ်။

လူ့ဘောင်သမိုင်းကို ပြန်ကြည့်ရင်လည်း ခေတ်စနစ်နဲ့ လူ့ဘောင်အဖွဲ့အစည်း အခြေအနေဟာ ညီညွတ်မျှတတဲ့ မျှခြေအနေအထားတွေမှာ လူ့အဖွဲ့အစည်းဟာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တာပါပဲ။ ခေတ်စနစ်နဲ့ လူ့ဘောင်အဖွဲ့အစည်းရဲ့ အကျိုးစီးပွားမညီညွတ် မမျှတတဲ့အခါ ပိုပြီးသင့်လျော်ကောင်းမွန်တဲ့ နောက်ထပ်ခေတ်စနစ်ဆီကို ကူးပြောင်းသွားကြလေ့ရှိပါတယ်။ ဒီလိုနဲ့ပဲ သမိုင်းဦးဘုံမြေခေတ်ကနေ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်၊ ကိုလိုနီနယ်ချဲ့ခေတ်၊ အရင်းရှင်ခေတ်စတဲ့ ခေတ်အသီးသီးကို ပြောင်းလဲဖြတ်သန်းလာခဲ့ကြသလို နိုင်ငံရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ်အမျိုးမျိုးဟာလည်း ဖြစ်ပေါ်နေတဲ့ခေတ်စနစ်နဲ့အညီ လိုက်လျောညီထွေစွာ ပေါ်ပေါက်လာခဲ့ကြတာ တွေ့နိုင်ပါတယ်။

ဘာပဲဖြစ်ဖြစ် သေချာတာတစ်ခုကတော့ ရောက်နေတဲ့ခေတ်တစ်ခုကနေ ပြီးခဲ့တဲ့ခေတ်ကာလတစ်ခုဆီကို ပြန်သွားဖို့မဖြစ်နိုင်တော့ဘူးဆိုတာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုနောက်ပြန်ဆုတ်ဖို့ဆိုတာကို လက်ရှိ တည်ရှိဆဲ လူ့ဘောင်အဖွဲ့အစည်းကကို လက်မခံတော့လို့ပါ။ ပြည်သူ့ ကိုယ်စားလှယ်တွေနဲ့ ရွေးချယ်တင်မြှောက်ပြီး အုပ်ချုပ်တဲ့ ဒီမိုကရေစီစနစ် ထွန်းကားတဲ့ နိုင်ငံတွေကနေ သက်ဦးဆံပိုင် ပဒေသရာဇ်စနစ်ကို ပြန်သွားမယ်ဆိုရင်ဘယ်သူမှ လက်ခံကြမှာမဟုတ်သလို ပဒေသရာဇ်ခေတ်ကလူတွေကလည်း သမိုင်းဦးဘုံမြေခေတ်ပုံစံကို ပြန်သွားချင်မှာ မဟုတ်ပါဘူး။

တကယ်တော့ အတိတ်ဆိုတာ ပြန်သွားလို့ရစကောင်းတဲ့ ကိစ္စမဟုတ်သလို ပြန်သွားသင့်တဲ့ အရာလည်းမဟုတ်ဘူးလို့ ထင်ပါတယ်။ ပစ္စက္ခမျက်မှောက်ကာလရဲ့ ပကတိအခြေအနေတွေကို မျက်ကွယ်ပြုပြီး လူကပစ္စုပ္ပန်မှာရှိပြီး စိတ်ကအတိတ်မှာဆိုရင်၊ ကျန်ရစ်ခဲ့တယ်ဆိုရင် ဘယ်လိုမှပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်မှာမဟုတ်တော့သလို စိတ်ပိုင်းဆိုင်ရာ ရင့်ကျက်မှုမရှိတဲ့ ပုဂ္ဂိုလ်လို့ သတ်မှတ်ကြပါလိမ့်မယ်။ အသက်ကြီးခေါင်းကြီးမားကျမှ သူငယ်ပြန်တဲ့ အဘိုးအိုတွေလိုပေါ့။

နိုင်ငံရေးမှာလည်း ဒီလိုပါပဲ။ ပစ္စုပ္ပန်မှာဖြစ်ပေါ်နေတဲ့ ပကတိအခြေအနေကို ပစ်ပယ်ပြီး အတိတ်ကာလကို ပြန်လည်ဖော်ဆောင်ပေးဖို့ တောင်းဆိုနေတာဟာ သဘာဝမကျတဲ့အပြင် ဘယ်လိုမှလည်း ဖြစ်နိုင်မှာမဟုတ်ပါဘူး။

နိုင်ငံရေးဆိုတာ နိုင်ငံနဲ့ပြည်သူတွေရဲ့ အကျိုးစီးပွားကို လက်တွေ့ကျကျ အမြင့်ဆုံး ဘယ်လိုဖော်ဆောင်နိုင်မလဲဆိုတဲ့ အရေးကိစ္စ(Maximization of National Interest)သာ ဖြစ်ပါတယ်။ ပါတီတစ်ခု၊ လူတစ်စုရဲ့ကိုယ်ပိုင်အကျိုးစီးပွားကိုရှာဖွေဖို့ လုပ်ငန်းတစ်ခု(Individual Profiteering Business) မဟုတ်ပါဘူး။

နိုင်ငံအကျိုးစီးပွားကို လျစ်လျူရှုပြီး ကိုယ့်အုပ်စုအကျိုးစီးပွားအတွက် အတိတ်ကို ပြန်ဖော်ဆောင်ချင်တယ်ဆိုတာဟာ နိုင်ငံရေးအတွေ့ကြုံမှုကို မိမိဖာသာ ဖော်ထုတ်ပြနေသလို ဖြစ်သွားပါလိမ့်မယ်။ ဒါဟာ နိုင်ငံရေးအရ ရင့်ကျက်ပြည့်ဝမှု မရှိသေးတာကို ဖော်ညွှန်းနေတာပါပဲ။

ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်း ဒီလိုအတိတ်ကာလကို ပြန်ညွှန်းပြီးဖော်ဆောင်ဖို့ ကြိုးပမ်းခဲ့တာတွေဟာ လက်တွေ့ အကျိုးဖြစ်ထွန်းမှု မရှိဘူးဆိုတာ တွေ့ရမှာပါ။

ဒီကနေ့ ကမ္ဘာပေါ်မှာ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းပြဿနာကိုပဲ ကြည့်ပါ။ အစ္စရေးတွေကလည်း လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင်ကျော်ကတည်းက ဒီဒေသဟာ သူတို့ဘိုးဘေးတွေ နိုင်ငံတည်ထောင်ပြီးနေခဲ့တဲ့နေရာမို့ သူတို့မှာ နေပိုင်ခွင့်ရှိတယ်လို့ စွဲကိုင်ထားတာပါ။

ပါလက်စတိုင်းအာရပ်တွေကလည်း လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ထောင်ကျော်၊ နှစ်ထောင်နီးပါးကတည်းက ဒီနယ်မြေမှာ အစ္စရေးဆိုတာမရှိတော့ဘူး။ ပါလက်စတိုင်းတွေပဲ သားစဉ်မြေးဆက် အခြေချနေခဲ့တာမို့ သူတို့ပဲပိုင်သင့်တယ်လို့ ရှုမြင်ကြပါတယ်။ အာရပ်နိုင်ငံအများစုကလည်း အစ္စရေးကို အခုထက်ထိ အသိအမှတ် မပြုသေးပါဘူး။

ဆော်ဒီအာရေဗျလို အလယ်အလတ်သဘောထားရှိတဲ့ အာရပ်နိုင်ငံတွေက တင်ပြတဲ့ အစ္စရေးတို့သိမ်းပိုက်ထားတဲ့ အာရပ်နယ်မြေတွေကို ပြန်ပေးရင် အာရပ်တွေက အစ္စရေးကို အသိအမှတ်ပြုမယ်၊ ငြိမ်းချမ်းရေးရယူမယ်ဆိုတဲ့ နယ်မြေနဲ့ငြိမ်းချမ်းရေး(Land for Peace)အစီအစဉ်လို လက်တွေ့ အကျိုးရှိနိုင်တဲ့ အဆိုပြုချက်တွေဟာလည်း အတိတ်ကိုမစွန့်လွှတ်နိုင်တဲ့ နှစ်ဖက်စလုံးက လက်မခံနိုင်သေးလို့ အခုထက်ထိ အကောင်အထည် ပေါ်မလာသေးပါဘူး။

အကျိုးဆက်ကတော့ ဒီကနေ့အထိ ဂါဇာဒေသမှာ စစ်မီးတောက်လောင်နေရပြီး အပြစ်မဲ့တဲ့ ဂါဇာပြည်သူတွေ ထောင်နဲ့ချီကာ သေကျေဒဏ်ရာရခဲ့ကြကာ အိုးအိမ်တိုက်တာ အဆောက်အအုံများစွာ ပျက်စီးပြိုလဲ ဆုံးရှုံးခဲ့ရတာပါပဲ။ အစ္စရေးနဲ့ ပါလက်စတိုင်း အရေးအခင်းကြောင့် အာရပ်ကမ္ဘာမှာ နှစ်ခြမ်းကွဲခဲ့ရသလို အစ္စရေးမှာလည်း ရန်သူပတ်လည်ဝိုင်းနေတဲ့ဘဝမှာ နှစ်ရှည်လများ ရပ်တည်နေခဲ့ရတာ ဖြစ်ပါတယ်။

တကယ်လို့များ ပစ္စုပ္ပန်ကာလရဲ့ ပကတိအကျိုးစီးပွားကိုသာ အမှန်အတိုင်း ရှုမြင်အလေးထားတတ်မယ်ဆိုရင် အစ္စရေးရဲ့ခေတ်မီနည်းပညာနဲ့ စီမံခန့်ခွဲမှု၊ ပါလက်စတိုင်းတို့ရဲ့ ဈေးချိုတဲ့လုပ်အား၊ အာရပ်နိုင်ငံတွေရဲ့ ရေနံစွမ်းအင်လောင်စာနဲ့ ရေနံကရတဲ့ ဝင်ငွေအရင်းအနှီးတို့ကို ပေါင်းစပ်ပြီး အောင်မြင်ဖွံ့ဖြိုးတဲ့ ကုန်ထုတ်လုပ်မှုတွေ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ တိုက်ကြီးသုံးခုရဲ့ အလယ်ဗဟိုနေရာ ကမ္ဘာ့ရေကြောင်းလမ်းရဲ့ ဗဟိုချက်နေရာမှာ ရှိနေတဲ့ မဟာဗျူဟာအရ အချက်အချာကျလှတဲ့ ဒီအရှေ့အလယ်ပိုင်းဒေသကိုသာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အဲဒီလိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင် ကမ္ဘာ့စီးပွားရေးရဲ့ ဗဟိုချက်မကြီးတစ်ခုဖြစ်လာမှာ သေချာပါတယ်။ ဒါပေမယ့် ဒီဒေသကလူအများစုမှာ ပစ္စုပ္ပန်ထက် အတိတ်ကိုသာဦးတည်ချင်တဲ့ စိတ်အစွဲတွေက ပြင်းထန်လွန်းလှတဲ့အတွက် ရွှေရောင်အခွင့်အလမ်းကို သွေးစွန်းတဲ့ ပဋိပက္ခတွေနဲ့ လဲလှယ်နေကြတာ ဝမ်းနည်းစရာပါပဲ။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်ကို ပြန်ပြောင်းလေ့လာမယ်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ အတိတ်က စိတ်အစွဲတွေနဲ့ အပြန်အလှန် စိတ်ဝမ်းကွဲမှုတွေ သံသယတွေကို မဖျောက်နိုင်တာမို့ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပြည်တွင်းသောင်းကျန်းဆူပူမှုတွေ တာရှည်နေခဲ့ပြီး ဒီလောက် သယံဇာတနဲ့ ပြည့်စုံကြွယ်ဝတဲ့ မြန်မာနိုင်ငံဟာ အလားအလာရှိသလောက် တိုးတက်အောင်မြင်ပေါက်မြောက်မှု မရှိနိုင်ခဲ့တာ အားလုံးအသိပါ။

အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအင်အားစုတွေဟာ ထူးထူးခြားခြား အတိတ်အစွဲများက ပိုကြီးလေရော့သလားတော့ မပြောတတ်ပါ။ နိုင်ငံရေးအာဏာနဲ့ ပတ်သက်လာရင် ရွှဲကုန်သည်ဇာတ်ထဲက မင်းသားကြီး ရွှေမန်းဦးတင်မောင်သီချင်းလို ''မပေးပေးပေး၊ ငါ့ရွှေခွက်ပေး''ဆိုတာ မျိုးတွေနဲ့ အတိတ်ကို ပြန်ပြန်သွားချင်တာ တွေ့နေခဲ့ရပါတယ်။

၁၉၆၂ခုနှစ်က အာဏာစွန့်လွှတ်ခဲ့ရတဲ့ ဝန်ကြီးချုပ်ဟောင်းကြီး ဆိုရင်လည်း ၂၆နှစ်ကြာမှ ၁၉၈၈ အရေးအခင်းအပြီးမှာ သူ့ကို အာဏာပြန်အပ်ဖို့ လူသိရှင်ကြား တောင်းဆိုခဲ့တာ ပကတိအခြေအနေနဲ့ မကိုက်ညီတော့လို့ လူရယ်စရာဖြစ်ခဲ့ရတာလည်း မှတ်မိကြဦးမှာပါ။

အခုလည်း နှစ်ပေါင်းနှစ်ဆယ်လောက်ကြာမှ ''လွန်လေပြီးသော'' ရွေးကောက်ပွဲရလဒ်ကို ပြန်ပြီးဖော်ဆောင်ပေးရမယ်လို့ တောင်းဆိုလိုတောင်းဆို၊ မြန်မာနိုင်ငံတစ်ဝန်းလုံးက ပြည်သူလူထု ၉၃ ရာခိုင်နှုန်းလောက်က အတည်ပြုထားတဲ့ အခြေခံဥပဒေကို အလေးမထား ဂရုမစိုက်ဘဲ သူတို့အလိုကျ ပြန်ပြီး ပြင်ဆင်ပြောင်းလဲခွင့်ပေးရမယ်၊ နိုင်ငံတော်ကို အခုအချိန်အထိ လက်နက်စွဲကိုင်ဆန့်ကျင်ပုန်ကန်နေတဲ့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းတွေကိုပါ အဲဒီ အခြေခံဥပဒေ ပြန်လည်ပြင်ဆင်မှု လုပ်ငန်းစဉ်တွေမှာ ပါဝင်ခွင့်ပေးရမယ်လို့ မျက်မှောက်ပကတိ အခြေအနေတွေကို မျက်ကွယ်ပြုပြီး မဖြစ်နိုင်တာတွေကို တောင်းဆိုလိုတောင်းဆို လုပ်နေလိုက်ကြတာ တကယ်အရင်းစစ်လိုက်ရင် ပြည်သူလူထုကြီးတစ်ရပ်လုံးရဲ့ အကျိုးစီးပွားလား၊ သူတို့အတွက် အာဏာ ''ရွှေခွက်''အစွဲနဲ့အလွဲကြီး လွဲမှားနေတာလားဆိုတာ အသိပညာရှိသူတိုင်း စဉ်းစားကြည့်နိုင်တဲ့ကိစ္စပါ။

ပြည်သူလူထုအများစုကြီးကတော့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ထဲမှာ အခုဆိုရင် အခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြီး ရှေ့လာမယ့် အထွေထွေရွေးကောက်ပွဲအတွက် လိုအပ်တဲ့ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဆိုတော့ ရွေးကောက်ပွဲကျင်းပဖို့နဲ့ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံရတဲ့ အစိုးရကိုဖွဲ့စည်းပြီး နိုင်ငံတော်တာဝန်တွေကို လွှဲပြောင်းဖို့ဆိုတဲ့ အဆင့်တွေပဲ ကျန်တော့တာကို ဒီမိုကရေစီနိုင်ငံတော်သစ်ရဲ့ မုခ်ဦးဆီကို မကြာခင် ရောက်နိုင်တော့မယ်ဆိုပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြတာပါ။ ဒါပေမယ့် ဒီလူတစ်စုက အခြေခံဥပဒေသစ်ကို လက်မခံဘူးတို့၊ ရွေးကောက်ပွဲသစ်ကို စဉ်းစားစရာမလိုဘူးတို့၊ အခြေခံဥပဒေကို သူတို့စိတ်ကြိုက် ပြန်လည်ပြင်ဆင်ခွင့် ပေးရမယ်တို့ဆိုတဲ့ အမျိုးမျိုးသော လေသံတွေပစ်ပြီး လူထုကြီးကို စိတ်ညစ်အောင် ''တစ်''ကနေပြန်စဖို့ လုပ်နေကြတာတော့ စိတ်မကောင်းစရာလို့ပဲ ပြောရတော့မှာပါ။

ဒီလူစုလုပ်ပုံကို ကြည့်ရတာ ကုန်းဘောင်ခေတ်မင်းတုန်းမင်းတရားကြီးလက်ထက်က ဗန်းမော်ဆရာတော်ကြီး ဗန်းမော်အပို့ခံရတဲ့ ဖြစ်ရပ်ကလေးကို သတိရမိပါတယ်။ ပရိယတ္တိ စာပေမှာ ဉာဏ်ထက်မြက်သလောက် အမြင်မတော်တာ တွေ့ရင်လည်း ဒိုးဒိုးဒေါက်ဒေါက် စာချိုးတတ်တာမို့ မင်းတုန်းမင်းကြီးက ဆရာတော်ကြီးကို ကိစ္စတစ်ခုကြောင့် ဗန်းမော်ကိုပို့ပြီး သီတင်းသုံးစေရတဲ့ အဖြစ်ပါ။ ဆရာတော်ကြီးကို မလွှဲသာလို့ ဗန်းမော်ကိုပို့ရပေမယ့် မိဖုရားခေါင်ကြီးကိုယ်တိုင် ကိုးကွယ်ဆည်းကပ်တဲ့ ဆရာတော်လည်းဖြစ်၊ ကြည်ညိုရင်းစွဲလည်းရှိတာမို့ မင်းတရားကြီးက ဧရာဝတီမြစ်ကြောင်းအတိုင်း လှေတစ်စင်းနဲ့ ဆရာတော်ကိုလိုက်ပါပို့ဆောင်ရမယ့် လှေသားတွေကို ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ ဆရာတော်ကြီးဖူးချင်တဲ့ ဘုရားရှိရင် ပို့ဆောင်ပေးဖို့ မှာကြားခဲ့ပါသတဲ့။ ဆရာတော်ကြီး လမ်းတစ်လျှောက်မှာ ဘယ်ဘုရားမှ ဖူးချင်တယ်လို့ မိန့်ကြားတော်မမူဘဲ ဗန်းမော်ကို လှေကမ်းကပ်ခါနီးကျမှ ''ဒကာတို့နေဦး၊ ငါဘုရားဖူးချင်သေးတယ်၊ လိုက်ပို့''လို့ မိန့်ပါသတဲ့။ လှေသမားတွေက ''ဘယ်ဘုရားကိုများ ပို့ပေးရမလဲဘုရား''လို့ လျှောက်တော့ ''အင်း…ပုဂံ ရွှေစည်းခုံဘုရား ဖူးချင်တာ''လို့ ဆိုသတဲ့။ ဗန်းမော်ရောက်လုနီးတော့မှ ပုဂံရွှေစည်းခုံ ပြန်ဖူးမယ်ဆိုတော့ လှေသမားတွေလည်း စိတ်ညစ်သွားပြီး ဆရာတော်ကြီးကို ရှိခိုးတောင်းပန်ကြတော့မှ ဆရာတော်ကြီးက ''မင်းတို့ ဘုရင်က ငါဖူးချင်တဲ့ ဘုရားပို့ပေးရမယ်ဆိုလို့ ငါကပြောရတာပါကွာ၊ မင်းတို့ကို ပင်ပန်းစေချင်လို့ မဟုတ်ပါဘူး''ဆိုပြီး ဗန်းမော်ဆိပ်ကမ်းကို ကပ်ခိုင်းလိုက်တယ်လို့ ဆိုပါတယ်။

ဆရာတော်ကြီးကတော့ စိတ်ထဲကပါလို့ တကယ်နောက်ပြန်လှော်ခိုင်းတာ မဟုတ်ပေမယ့် ဒီလူစုလုပ်ပုံကတော့ သွားမယ့်လှေရှေ့မရောက်အောင် တမင်နောက်ပြန်လှော်နေသလို မြင်နေရပါတယ်။ ဘယ်လိုပဲ စဉ်းစားစဉ်းစား သူတို့ရဲ့လုပ်ရပ်ဟာ ငါတကောကောပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ပစ်ပယ်ကာ လက်တစ်ကမ်းပဲ လိုတော့တဲ့ နိုင်ငံတော်သစ်ကို ကျောခိုင်းလျှောက်ဖို့ ကြိုးစားနေတာပဲလို့ ထင်မြင်မိပါတယ်။ နိုင်ငံတော်အစိုးရကတော့ အခြေခံဥပဒေကို ထောက်ခံတဲ့သူတွေပဲဖြစ်ဖြစ်၊ ဆန့်ကျင်တဲ့သူတွေပဲဖြစ်ဖြစ် လာမယ့် ရွေးကောက်ပွဲမှာ တရားဥပဒေနဲ့အညီ အားလုံးပါဝင်နိုင်ဖို့ ဖိတ်ခေါ် ကမ်းလှမ်းထားပြီး ဖြစ်ပါတယ်။

နိုင်ငံနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အမှန်တကယ် လိုလားတယ်ဆိုရင် နိုင်ငံတော်အစိုးရက စေတနာမှန်နဲ့ ကမ်းလှမ်းထားတဲ့ လက်ကိုတွဲပြီး အခုလာမယ့်ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ပဲ လိုပါတယ်။ ရွေးကောက်ပွဲမှာ တကယ်ဆုံးဖြတ်မှာက မဲဆန္ဒရှင် ပြည်သူတွေပါ။ ပြည်သူ့အဆုံးအဖြတ်ကိုနာခံပြီး ကျရာကဏ္ဍက ပြည်သူကို အလုပ်အကျွေးပြုရမှာက နိုင်ငံရေး အင်အားစုတွေပါ။

သဘာဝတရားကြီးရဲ့စိန်ခေါ်မှုအန္တရာယ်လှိုင်းတံပိုးတွေ၊ ကမ္ဘာ့စီးပွားရေးနဲ့ တခြား အထွေထွေအကျပ်အတည်း အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးဟာ အချင်းချင်း စည်းလုံးညီညွတ်မှု အင်အားကို ရယူမှုဖြစ်မယ်ဆိုတာ ရင်ထဲကအသိနဲ့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ တကယ်တမ်း ခေတ်ကိုသိ၊ စနစ်ကိုသိ၊ အဖြစ်မှန် တွေကို မိမိတို့ဘဝနဲ့ညှိပြီး မြင်တတ်မယ်ဆိုရင်တော့ မရပ်မနား ရှေ့ကိုသွားနေတဲ့အချိန်နဲ့အတူ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက် အေးချမ်းသာယာကြွယ်ဝစေဖို့ အားလုံးလက်တွဲပြီး ရှေ့ကိုချီတက်နေကြတာကိုပဲ မြန်မာပြည်သူတစ်ရပ်လုံးက မြင်ချင်တွေ့ချင်နေကြတယ် ဆိုတဲ့အကြောင်း ပြောလိုက်ချင်ပါတယ်။ ။

နိုင်ငံနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အမှန်တကယ် လိုလားတယ်ဆိုရင် နိုင်ငံတော်အစိုးရက စေတနာမှန်နဲ့ ကမ်းလှမ်းထားတဲ့ လက်ကိုတွဲပြီး အခုလာမယ့် ရွေးကောက်ပွဲမှာ ဥပဒေနဲ့အညီ တရားမျှတစွာ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ပဲ လိုပါတယ်။ ရွေးကောက်ပွဲမှာ တကယ်ဆုံးဖြတ်မှာက မဲဆန္ဒရှင် ပြည်သူတွေပါ။ ပြည်သူ့အဆုံးအဖြတ်ကိုနာခံပြီး ကျရာကဏ္ဍက ပြည်သူကို အလုပ်အကျွေးပြုရမှာက နိုင်ငံရေး အင်အားစုတွေပါ။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား
လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀	ငွေ
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀	ငွေ
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀	ငွေ
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀	ငွေ
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀	ငွေ

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဖေဖော်ဝါရီ၅ရက်က စစ်တွေလေဆိပ် လေယာဉ်ပြေးလမ်း နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းခွင်၌ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းဖော်ပြပြီး) (၁၁၃)

သစ်တောနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ရခိုင်ပြည်နယ် ပထမအကြိမ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ပြပွဲ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် စာတမ်းရှင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၉ရက် မွန်းလွဲ ၁နာရီခွဲတွင် စစ်တွေမြို့ရှိ ဝေသာလီ မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများသည် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြပြီး စာတမ်းဖတ်ကြားသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့နယ် တပ်တောင်၊ လောင်းဒုံးကွင်း၊ စိန်ပိုက်၊ မွန်လှ၊ ကျားခြေရာနှင့် မော်ကြီးကျေးရွာများမှ ကျေးရွာရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး တပ်တောင်တိုက်နယ်ဆေးရုံအတွက် ငွေကျပ်ငါးသိန်း၊ တပ်တောင်ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အတွက် ငွေကျပ်ငါးသိန်းစီ၊ တပ်တောင် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန် ဘိလပ်မြေအိတ် ၇၀ နှင့် သွပ်အချပ် ၁၀၀၊ တပ်တောင်မူလတန်းလွန်ကျောင်းအတွက် ဘိလပ်မြေအိတ် ၇၀၊ ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်မဂ္ဂဇင်းများ၊ စာစောင်များကို ပေးအပ်၍ ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အရှိန်အဟုန်မြှင့်

ဆက်လက်၍ ဝန်ကြီးသည် ကျောက်မြောင်းကျေးရွာအုပ်စု ကန်ကျွန်းကျေးရွာသို့ ရောက်ရှိပြီး ကျောက်မြောင်းကျေးရွာအုပ်စုနှင့် နွားရုံတောင်ကျေးရွာအုပ်စုရှိ ကျေးရွာများမှ ပြည်သူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ဘက်စုံဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ဝန်ကြီးသည် ကျေးရွာများရှိ ကျောင်းများပြုပြင်ရန်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောက်လုပ်ရေးပစ္စည်းများ၊ နွားရုံတောင်ကျေးရွာအုပ်စုနှင့် ကျောက်မြောင်း ကျေးရွာအုပ်စု မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့အတွက် ထောက်ပံ့ငွေများ၊ ကျေးရွာပြည်သူများအတွက် ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ အဝတ်အထည်များနှင့် ကျေးရွာစာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ စာစောင်၊ ဂျာနယ်များကို ပေးအပ်ပြီး ကန်ကျွန်းကျေးရွာကို ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရက္ခပဗေဒမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည့်ရက် အစီအစဉ်ပြောင်းရွှေ့

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တက္ကသိုလ် ရက္ခပဗေဒမိသားစုနှင့် စာသင်နှစ်အသီးသီးမှ ရက္ခပဗေဒဘာသာရပ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများက အသက်(၆၅)နှစ်နှင့် အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၈ရက် (စနေနေ့) တက္ကသိုလ်များဓမ္မာရုံအစား ဖေဖော်ဝါရီ ၂၇ ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)ခန်းမ၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အလှူငွေနှင့် ပစ္စည်းများကို ရန်ကုန်တက္ကသိုလ် ရက္ခပဗေဒဌာန ဖုန်း-၅၃၅၀၃၀၊ ပါမောက္ခ ဒေါက်တာကျော်ကျော်ခေါင် (ဌာနမှူး) ဖုန်း-၀၉-၅၀-၁၀၂၄၈၊ ပါမောက္ခ ဒေါက်တာအေးဖေ (ယာယီဌာနမှူး) ဖုန်း-၀၉-၅၀-၁၀၃၃၀၊ တွဲဖက်ပါမောက္ခ ဦးဟန်အေး ဖုန်း-၀၉-၅၀-၀၅၀၃၇၊ ပါမောက္ခဦးစောဝင်း (ပါမောက္ခချုပ်၊ ငြိမ်း)ဖုန်း-၀၉-၈၅-၈၆၁၃၈၊ ပါမောက္ခဒေါက်တာဦးဝင်း (ပါမောက္ခချုပ်၊ ငြိမ်း) ဖုန်း-၀၉-၈၅-၈၁၂၉၃၊ ဦးကျော်ခင် ဖုန်း-၅၀၁၄၄၂၊ ၀၉-၉၉-၂၁၂၂၅၊ ဦးဇော်ဝင်း ဖုန်း-၃၈၈၄၅၀၊ ၀၉-၅၀-၀၆၅၉၈၊ ဦးမျိုးအောင် ဖုန်း-၇၀၆၀၈၂၊ ၀၉-၈၀-၃၄၇၃၉၊ ဦးရွှေဘ ဖုန်း-၆၄၁၇၁၇၊ ၀၉-၅၁-၄၉၂၇၄နှင့် အခမ်းအနား ကျင်းပမည့်ရက် (IBC) ခန်းမ အလှူလက်ခံကောင်တာတို့တွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တက္ကသိုလ် မြန်မာစာအဓိက ၁၉၆၉-၁၉၇၃ ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီခြံတွင် ကျင်းပစဉ်။
(မြန်မာ့အလင်း)

မြန်မာနိုင်ငံစာတတ်ပုံအသင်းနှင့် ဆက်သွယ်ရန် နှိုးဆော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံစာတတ်ပုံအသင်း၏ ၂၀၀၈-၂၀၀၉ခုနှစ် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို မတ်လတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ သင်းလုံးကျွတ်အစည်းအဝေးတွင် မြို့နယ်အဆင့် ကိုယ်စားလှယ်များ ခန့်အပ်နိုင်ရေးနှင့် အသင်းအား ပိုမိုကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းနိုင်ရေးအတွက် အသင်းဝင်များအားလုံးက ဆွေးနွေးကြရန်ရှိသည်။

သို့ဖြစ်ရာ ပြည်နယ်နှင့်တိုင်း အသီးသီး၌ နေထိုင်ကြသော အသင်းသူ အသင်းသားများသည် အကြောင်းအမျိုးမျိုးကြောင့် အသင်းကြီးနှင့်ကင်းကွာနေပါက ပြန်လည်ဆက်သွယ်ပေးကြရန်နှင့် မြန်မာနိုင်ငံစာတတ်ပုံအသင်း အမှတ် ၂၇-၂၉၊ ၃၅လမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၁၆၇သို့လည်းကောင်း၊ ပြည်နယ်/တိုင်းအသီးသီးရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ တစ်ဆင့်လည်းကောင်း ပြန်လည်ဆက်သွယ်ကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်ကလပ် နှစ်(၁၀၀)ပြည့် Professional နှင့် အပျော်တမ်းဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်ဂေါက်ကလပ်နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်၏ ပွဲစဉ်တစ်ရပ်ဖြစ်သော Professional ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အပျော်တမ်း (၀-၁၂) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၀ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)၌ ကျင်းပမည်ဖြစ်ပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဖျော်ဖြေ

အဆိုပါပြိုင်ပွဲ၏ ဆုချီးမြှင့်သည့် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် ညနေပိုင်းတွင် ရန်ကုန်ဂေါက်ကလပ် မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်များနှင့် အသင်းသားများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၍ IRON CROSS တီးဝိုင်းမှ တေးဂီတများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

ကူညီပံ့ပိုး

ယင်းဂေါက်သီးရိုက်ပြိုင်ပွဲကို ဖြစ်မြောက်အောင်မြင်ရေးအတွက် Air Bagan Ltd. က အဓိကကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီး အစဉ်သတိပြု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ
ဦးသိန်းထွန်း (ဦးစီးအရာရှိ-ငြိမ်း၊ သမဝါယမဦးစီးဌာန)-ဒေါ်လှမြင့် (အထက်တန်းပြ၊ငြိမ်း)
တို့၏သားကြီး
ဗိုလ်ကြီးစည်သူထွန်း
M.B.,B.S (D.S.M.A); M.Med.Sc (Internal Medicine)
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးသိန်းစိုးအောင်(ငြိမ်း)
(ဒါရိုက်တာ၊ **Myanmar Land and Development Limited, UMEHL**)-ဒေါ်တင်ရီ
တို့၏သမီးလတ်
မမာလာအောင်
M.E (Electronics) Y.T.U
လက်ထောက်အင်ဂျင်နီယာ (မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း-သန်လျင်ပင်မဓာတ်အားခွဲရုံ)
တို့သည် ၁၃-၂-၂၀၀၉ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးစည်သူထွန်း-မမာလာအောင်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၄၀၊ ၁၂၂ လမ်းနေ
ဦးစိန်မြင့်-ဒေါ်သွယ်သွယ်မြင့်တို့၏ သားကြီး
မောင်တင်ထွဋ်အောင်
B.E (Mechanical) Y.T.U
M.O.T 2nd Class Part A နှင့်
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၃၈၊ ၁၂၃ လမ်းနေ
ဦးစန်းလှိုင်-ဒေါ်အေးစမ်းတို့၏ တစ်ဦးတည်းသောသမီး
မစန္ဒာလှိုင်
B.Sc (Chemistry) အမက(၁) ဒေါပုံ
တို့သည် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်၌ ၁၇-၂-၂၀၀၉ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။ **မောင်တင်ထွဋ်အောင်-မစန္ဒာလှိုင်။**

ရန်ကုန်တိုင်းမ်ဂျာနယ် ယခုအပတ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အရှေ့မြောက်၏ စီးပွားရေးတံခါးပေါက်(သို့မဟုတ်) မြို့တော်လားရှိုး၏ စီးပွားရေး၊ လူမှုရေး၊ဆက်သွယ်ရေးဖွံ့ဖြိုးမှုပုံရိပ်များကို လားရှိုးမြို့နယ် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဒေသခံများ၏ ဖွင့်ဆိုသုံးသပ်ချက်များပါသည့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၈) ထွက်ရှိလာသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ပင်လယ်ရေအောက် သတင်းအချက်အလက် ဆက်သွယ်ရေးဖိုက်ဘာဆက်ကြောင်း ယခုနှစ်အတွင်း ချိတ်ဆက်ဆောင်ရွက်မည်၊ ဝင်းသူဇာအရောင်းဆိုင်များ ပုဂ္ဂလိကသို့ ကာလအကန့်အသတ်မရှိ ငှားရမ်းလုပ်ကိုင်ခွင့်ပေး၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်မည်၊ အိန္ဒိယ အဆင့်မြင့်နည်းပညာသုံး ဆိုလာစနစ်များတင်သွင်းရန်စီစဉ်၊ မြန်မာနိုင်ငံတွင် အကြီးဆုံး သစ်ခွဥယျာဉ်ကြီးတည်ဆောက်မည်၊ မြန်မာနိုင်ငံရှိ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ လုပ်ငန်းများ ပုံမှန်အတိုင်းဆောင်ရွက်ပေးနေ၊ အအေးလျော့၍ အပူချိန်မြင့်လာ၊ ဘယ်သွားမလဲ…ဘာလုပ်မလဲ ပြည်ပ အလုပ်အကိုင် သွားရောက်လုပ်ကိုင်မည့်သူ သိကောင်းစရာ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ အကယ်ဒမီနှင့် ဂယက်အကြောင်း၊ အဆိုတော် နေရဲမာန်နှင့်တွေ့ဆုံခိုက် မေးမြန်းဖြစ်တာလေးတွေ၊ ဖျော်ဖြေရေးသတင်းနှင့်အတူ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

လာမည့်နှစ် အမေရိကန်စီးပွားရေး နာလန်ထူမည်ဟု အိုဘားမားပြော၊ ၂၀၂၂ ကမ္ဘာ့ဖလားကျင်းပရန် အခြေခံအဆောက်အအုံများ အင်ဒိုနီးရှား တည်ဆောက်လျက်ရှိ၊ အိန္ဒိယအမျိုးသမီးတစ်ဦး၏ ပါးပေါ်မှ အသားပိုဖုကြီးအား အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့၊ အမေရိကန် ကုန်သွယ်ရေးမိတ်ဖက်များ သတိပေးသည့်ကြားက ကွန်ဂရက်လွှတ်တော်က ငွေကြေးဖြည့်ဆည်းရေးအစီအစဉ်ကို သဘောတူထောက်ခံ၊ အငန်လွန်ကဲသော စွပ်ပြုတ်သောက်သူများ အစာအိမ်ကင်ဆာရောဂါတိုးပွားနိုင်၊ လူရှစ်ဦးကို သတ်ဖြတ်မှုကြောင့် သံတိုသံစရောင်းသူ သေဒဏ်ချမှတ်ခံရ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ ပြောရဦးမယ် သူတို့ကဒီလိုတဲ့၊ ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများစုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ပဲခူး အထက(၃) မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးမြို့ အထက(၃) (ယခင်အမျိုးသား တန်းမြင့်ကျောင်း)တွင် နှစ်ပေါင်း ၃၀ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ဂုဏ်ထူးဆောင်အငြိမ်းစား ဆရာ ဆရာမကြီးများအား ရန်ကုန်မြို့နေ တပည့်ကျောင်းသားဟောင်းများက စုပေါင်း ဂါရဝပြုကြမည့် ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ်လတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြတ်ဆရာပူဇော်ပွဲအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ ကျောင်းသားဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် ဦးကိုကိုအောင် ဖုန်း- ၀၉-၅၀-၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁-၀၁၀၃၄၊ ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း-၀၉-၉၉-၇၁၄၇၇၊ ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမီမီထွန်း ဖုန်း-၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း-၀၁-၅၁၀၃၀၂၊ ဒေါ်သီတာကြွယ် ဖုန်း-၀၉-၅၁-၃၈၆၄၈တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ၁၉၇၂ ခုနှစ်မှ ၁၉၇၉ ခုနှစ်ဘွဲ့ရ နှစ်(၃၀)ပြည့် ပုလဲရတု အထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ် ရန်ကင်း ခန်းမ၌ ကျင်းပစဉ်။ (၁၃၅)

မုံရွာခရိုင်ကြီး အလှဆင်

ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ

ပြည်ထဲရေးအသင်း အစွမ်းပြပြီး ဒိုင်းဆုသုံးခုစလုံးဆွတ်ခူး

သတင်းမှတ်စု-ဖိုးသော်ဇင်၊ ဓာတ်ပုံမှတ်တမ်း-စိုင်းရဲရင့်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၉ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၇)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ)ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့နံနက် ၇ နာရီခွဲမှစ၍ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက တံခွန်စိုက် ဒိုင်းသုံးခုစလုံး ဆွတ်ခူးရရှိသွားသည်။

အမျိုးသား

ပြိုင်ပွဲအပြီးတွင် အမျိုးသားပြိုင်ပွဲ၌ ပြည်ထဲရေးက ရွှေ၁၃ခု၊ ငွေငါးခု၊ ကြေးခုနစ်ခု အမှတ်၁၇၀ဖြင့် ပထမ၊ ကာကွယ်ရေးအသင်းက ရွှေခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးငါးခု ၁၂၈မှတ်ခွဲဖြင့် ဒုတိယ၊ မြို့တော်စည်ပင်က ရွှေ တစ်ခု၊ ငွေခြောက်ခု၊ ကြေးငါးခု ၇၁မှတ်ဖြင့် တတိယ၊ အမျိုးသမီးပြိုင်ပွဲ၌ ပြည်ထဲရေးက ရွှေကိုးခု၊ ငွေခုနစ်ခု၊ ကြေးခြောက်ခု ၁၅၂မှတ် ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ရွှေ ခြောက်ခု၊ ငွေခုနစ်ခု၊ ကြေးငါးခု ၁၁၉မှတ်ဖြင့် ဒုတိယ၊ လယ်ယာ/ဆည်မြောင်းက ရွှေသုံးခု၊ ငွေနှစ်ခု၊ ကြေးငါးခု ၉၁မှတ်ဖြင့် တတိယ၊ ပြိုင်ပွဲနှစ်ခုပေါင်းတွင် ပြည်ထဲရေးက ရွှေ ၂၂ခု၊ ငွေ ၁၂ခု၊ ကြေး ၁၃ခု၊ ၃၂၂မှတ်ဖြင့် ပထမ၊ စီးပွား/ကူးသန်းက ရွှေခြောက်ခု၊ ငွေ၁၁ခု၊ ကြေးရှစ်ခု ၁၆၆ မှတ်ဖြင့် ဒုတိယ၊ ကာကွယ်ရေးက ရွှေခြောက်ခု၊ငွေခုနစ်ခု၊ ကြေးငါးခု၊ ၁၃၅မှတ်ခွဲဖြင့် တတိယတို့ရရှိကြသည်။

အမျိုးသမီး

ယနေ့ကျင်းပသော ပွဲစဉ်များတွင် အမျိုးသမီးသံပြားဝိုင်းပစ်ပြိုင်ပွဲ၌ ပထမ အေးအေးနွယ်(စီးပွား/ကူးသန်း)၊ ဒုတိယ ဝင်းဝင်းမော်(ရထား)၊ တတိယညီမာဆဲလ် (လယ်ယာ/ဆည်မြောင်း)၊ အမျိုးသမီး မီတာ ၂၀၀ပြိုင်ပွဲတွင် ပထမ ကေခိုင်လွင်(ပြည်ထဲရေး)၊ ဒုတိယလဲ့လဲ့ဝင်း (စီးပွား/ကူးသန်း)၊ တတိယ နော်ကပေါဖော (ရထား)၊ အမျိုးသမီး မီတာ ၁၀၀တန်းကျော်ပြေးပြိုင်ပွဲတွင် ပထမမိုးမိုးမြင့်(ပြည်ထဲရေး)၊ ဒုတိယ တင်မာဝင်း (ပြည်ထဲရေး)၊ တတိယ အိမွန်သွယ်(စီးပွား/ကူးသန်း)၊ အမျိုးသား သံလုံးပစ် ပြိုင်ပွဲတွင် ပထမဒီရဲဂူ(ပို့ဆောင်ရေး)၊ ဒုတိယ သန်းတိုးလှိုင် (ကာကွယ်ရေး)၊ တတိယ သက်ဝေ (ကာကွယ်ရေး)၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ သန်းတိုးခင်မျိုးအောင် (မြို့တော်စည်ပင်)၊ ဒုတိယ နီလာစန်း (စီးပွား/ကူးသန်း)၊ တတိယ ခင်မာဆယ် (မြို့တော်စည်ပင်)၊ မီတာ ၄၀၀×၄ လက်ဆင့်ကမ်း အမျိုးသမီးပြိုင်ပွဲ၌ ပထမ ပြည်ထဲရေး၊ ဒုတိယ မြို့တော်စည်ပင်၊ တတိယ စီးပွား/ကူးသန်း၊ အမျိုးသားပြိုင်ပွဲ၌ ပထမ ကာကွယ်ရေး၊ ဒုတိယ မြို့တော်စည်ပင်နှင့် တတိယ ပြည်ထဲရေးတို့ ရရှိကြသည်။

ပေးအပ်ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မေအုန်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးစံထွန်းနှင့် အမှုဆောင်များက ပေးအပ်ချီးမြှင့်ခဲ့သည်။ ။

(မြန်မာ့အလင်း)

တံခွန်စိုက်ဒိုင်း ချီးမြှင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပထမဆုရ ပြည်ထဲရေး အသင်းအား တံခွန်စိုက်ဒိုင်း ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

တံခွန်စိုက်ဒိုင်းများ ဆွတ်ခူးသွားသော ပြည်ထဲရေးအသင်း။

(မြန်မာ့အလင်း)

အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၈-၂၀၀၉ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ၃နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ယှဉ်ပြိုင်ကြရာ ပြည်ထဲရေးအသင်းနှင့် Air Bagan F.C အသင်းတို့ အနိုင်ရရှိသွားကြသည်။

အောင်ဆန်းကွင်း

ပြည်ထဲရေး	-	သုံးဂိုး
လယ်ယာ/ဆည်မြောင်း	-	တစ်ဂိုး

သုဝဏ္ဏကွင်း

Air Bagan F.C	-	နှစ်ဂိုး
သစ်တောရေးရာ	-	တစ်ဂိုး

ယနေ့ပွဲ

အောင်ဆန်းကွင်း

ဘဏ္ဍာ/အခွန် နှင့် စီးပွား/ကူးသန်း

သုဝဏ္ဏကွင်း

ဆောက်လုပ်ရေး နှင့် စွမ်းအင်

(မြန်မာ့အလင်း)

သီပေါစာပေစာနယ်ဇင်းအဖွဲ့သို့ အလှူငွေများလှူဒါန်း

သီပေါ ဖေဖော်ဝါရီ ၁၇

ကန်တော့ခံ သက်ကြီးစာပေပညာရှင် ဦးညွန့်ဖေလေး(ညွန့်ဖေလေး-သီပေါ) နှင့် ဇနီးဒေါ်ဖွားမိတို့အား ရည်စူး၍ သီပေါမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို သီပေါမြို့၌ ဖေဖော်ဝါရီ ၃ရက်က ကျင်းပခဲ့သည်။

အစီအစဉ်အရ ကွယ်လွန်သူ သက်ကြီးစာပေပညာရှင် ဦးညွန့်ဖေလေးနှင့် ဇနီးဒေါ်ဖွားမိတို့အား ရည်စူး၍ အလှူငွေလှူဒါန်းရခြင်းကို သမီးဖြစ်သူ ဒေါ်နန်းကြည်ကြည်ညွန့်က ရှင်းလင်းပြောကြားပြီး မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ လျှပ်စစ်မီတာ တပ်ဆင်အသုံးပြုနိုင်ရန် အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့အတွင်းရေးမှူး ဦးအုန်းမောင်လေး (မောင်ရည်ရွှယ်-သီပေါ)က လက်ခံ၍ အဖွဲ့ဥက္ကဋ္ဌ ဦးလှမောင်လတ် (သီပေါ-ကိုလတ်) က ကျေးဇူးတင်စကား ပြောကြားသည်။ **(စာပေနှင့်စာနယ်ဇင်း)**

နေပြည်တော်ပျဉ်းမနား အထက(၁) ကျောင်းသားများ မြတ်ဆရာပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော်ပျဉ်းမနား အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ ဒုတိယ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ၃၁ရက်(စနေနေ့)တွင် အထက(၁) ရတနာမွန်ခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ကန်တော့ခံ ဆရာကြီး ဆရာမကြီး ၈ဦးတို့အား ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ကြသည်။

ဩဝါဒစကား

ထို့နောက် ဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးသိန်းလွင်(တိုင်းပညာရေးမှူး၊ ငြိမ်း)နှင့် ဆရာမကြီး ဒေါ်မူမူမြင့်တို့က ဩဝါဒစကားများ ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
တိုင်းမှူး ပိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ အတွင်းရေးမှူး တိုင်းကျန်းမာရေး ဦးစီးဌာနမှူးက တိုင်းကျန်းမာရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး ရန်ကုန်တိုင်း ရောဂါပိုးသယ်ဆောင်သည့် ပိုးမွှားကောင်များ ကာကွယ်နှိမ်နင်းရေး စီမံချက် အဖွဲ့ခေါင်းဆောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ရှင်းလင်းတင်ပြသည်။

ပြောကြား

ယင်းနောက် မြို့နယ်ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌများ၊ မြို့နယ်ကျန်းမာရေးဦးစီး ဌာနမှူးများ၊ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ အခြေခံပညာကျောင်းများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးက အကြံပြု တင်ပြကာ တိုင်းမှူးက နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

ပေါင် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၁၁နာရီက ပေါင်မြို့ ကဒါကမ်းနားမူလတန်းကျောင်းတွင် ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းရီက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ဝဲပုံ)**မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးက ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးဝန်ဆောင်မှုအစီအစဉ် ရှင်းလင်းဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

SHINE Universal Services Co.,Ltd. သည် မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများ စင်ကာပူပညာရေးစနစ်အတွင်းရှိ Primary, Secondary and Tertiary School များသို့ သွားရောက်ပညာသင်ကြားရာတွင် အဆင်ပြေချောမွေ့မှုရှိစေရန်အတွက် Gateway သဖွယ် ကူညီဆောင်ရွက်ပေးနေသော ပညာရေးဝန်ဆောင်မှု အဖွဲ့အစည်းဖြစ်သည်။

မြန်မာနိုင်ငံမှကျောင်းသား ကျောင်းသူများ မိမိစိတ်ပါဝင်စားရာ ဘာသာရပ် နယ်ပယ်အသီးသီးရှိ ပညာရပ်များကို လေ့လာသင်ယူရန် နွေးထွေးစွာ အကြံပေးကူညီ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

လျှောက်ထားပေးမည်

နှစ်စဉ် လစဉ်အလိုက်၊ ကျောင်းဖွင့်ချိန် အလိုက်လည်း ဘာသာရပ်မျိုးစုံ၊ ကျောင်းမျိုးစုံ၏ ကျောင်းဝင်ခွင့်ရရှိရန် ကူညီလျှောက်ထားပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း အထူးအစီအစဉ်အနေဖြင့် စင်ကာပူသမ္မတနိုင်ငံ Singapore Accountancy Academy (SAA) ကျောင်း၌ မတ်လနှင့် ဇူလိုင်လတွင် ဖွင့်လှစ်မည့် Certified Accounting Technician (CAT) နှင့် (ACCA) သင်တန်းတို့ကို တက်ရောက်နိုင်ရန် ဝင်ခွင့်လျှောက်ထားပေးမည် ဖြစ်သည်။

အသိအမှတ်ပြု

SAA ကျောင်းသည် စင်ကာပူသမ္မတနိုင်ငံ၌ ၁၉၈၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နှစ်၂၀ကျော်သက်တမ်းရှိပြီဖြစ်သည်။ လုပ်ငန်းခွင် နယ်ပယ်အသီးသီးမှ လိုအပ်သော အရည်အချင်းမီ စာရင်းကိုင်ပညာရှင်များအဖြစ်သို့ ရောက်ရှိစေရန် လေ့ကျင့်သင်ကြားပေးသော စာရင်းကိုင်ပညာသင်ကျောင်းအဖြစ် Institute of Certified Public Accountants of Singapore (ICPAS) မှ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ SAA ကျောင်းသည် The Consumer Association of Singapore မှ ပေးအပ်သည့် Case Trust For Education Accreditation နှင့် Private Education Organization (PEOs)မှပေးအပ်သည့် Singapore Quality Class (SQC) အဖြစ် အသိအမှတ်ပြုခြင်းခံထားရသော စင်ကာပူသမ္မတနိုင်ငံ၏ ကျောင်းအနည်းငယ်ထဲမှ တစ်ခုအပါအဝင် ဖြစ်သည်။

အခမဲ့ဝန်ဆောင်

SHINE Universal Services သည် SAA ကျောင်း၌ မတ်လနှင့် ဇူလိုင်လအတွင်း CAT Program ကို တက်ရောက်မည့် ကျောင်းသားကျောင်းသူများအား ဖေဖော်ဝါရီလအတွင်း စာရင်းသွင်း မှတ်ပုံတင်သူများကို ရန်ကုန်-စင်ကာပူလေယာဉ်လက်မှတ် အခမဲ့ပေးအပ်မည့်အပြင် ကျန်းမာရေးစစ်ဆေးမှုနှင့် စင်ကာပူသမ္မတနိုင်ငံလေဆိပ်၌ ကြိုဆိုပို့ဆောင်ပေးခြင်းကိုလည်း အခမဲ့ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

ရှင်းလင်းဆွေးနွေး

လစဉ်ပြုလုပ်ပေးနေကျ ပညာရေးဆွေးနွေးပွဲအနေဖြင့်လည်း Nanyang Institute of Management (NIM) ၏ Early Childhood Care & Education, Information Technology, Commerce (Accounting), Computing, Tourism & Hospitality, Marketing, Human Resource Management နှင့် Business Administration ဘာသာရပ် များကို NIM ကျောင်း၏ တာဝန်ရှိသူ ဒေါ်ချိုချိုဝင်းက မတ် ၁ရက်တွင် SHINE Universal Services ၌ ရှင်းလင်းဆွေးနွေး ပြောကြားမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

ဆွေးနွေးပွဲ တက်ရောက်လိုသူများ အနေဖြင့် Limited Seats အစီအစဉ်ဖြစ်၍ အမြန်လာရောက် စာရင်းပေးသွင်းကြရန်နှင့် အသေးစိတ်သိရှိလိုပါက SHINE Universal Services Co., Ltd. အမှတ် ၃၈၊ ၄၀ ဗိုလ်ရာညွှန့်လမ်း ဒဂုံမြို့နယ် ဖုန်း-၃၉၃၀၄၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကန့်ဘလူမြို့၌ ကာကွယ်ဆေးတိုက်ကျွေး

ကန့်ဘလူ ဖေဖော်ဝါရီ ၁၆

အမျိုးသား ကာကွယ်ဆေးတိုက်နေ့ ၂၀၀၉ခုနှစ် ပထမအကြိမ်ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပွဲကို ဇန်နဝါရီ ၁၀ရက် နံနက်က ကန့်ဘလူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ငွေငွေဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေ ကြွယ်နှင့်အဖွဲ့တို့က ငါးနှစ်အောက်ကလေးငယ်များအားကာကွယ်ဆေးတိုက်ကျွေးကြသည်။ (၀၂၇)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် ၃၀ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး စုရပ်တွင် ဖေဖော်ဝါရီ ၇ရက်က ဒုတိယ အကြိမ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်သန်းလှနှင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်း အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုအကြောသေကာကွယ်ဆေးများ တိုက်ကျွေးစဉ်။ (၁၃၃)

မြို့တော်ဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဦးမင်းမော် (Myanmar Life Hotel)သည် ကစားဖော်များ ဖြစ်ကြသော ဦးသိန်းဝင်း၊ ဦးစိန်ဝင်း၊ ဦးစင်ရော်မောင်မောင်တို့နှင့်အတူ ဇန်နဝါရီ ၁၄ရက်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဂေါက်သီးရိုက်ကစားစဉ် Callaway (1)ဂေါက်သီးအား Iron-7 တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာရှိ ကျင်းအမှတ် (၁၂) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှုခင်းသတင်း

ငွေကျပ် ဇဖသိန်း ခိုးယူသူတရားခံအား မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးရမိ

ငွေကျပ် ၉၆သိန်း ခိုးယူသူ တရားခံ ထူးကိုကိုနှင့် အေးအေးဖြိုးတို့အား ပြန်လည်သိမ်းဆည်းရမိသော ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ နေအိမ်တစ်အိမ်မှ ငွေကျပ် ၉၆သိန်း ခိုးယူသွားသူနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖေဖော်ဝါရီ ၄ရက်က ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၂နာရီခွဲတွင် ကျော်မြင့်အောင် (ဝန်ထမ်း၊ လျှပ်စစ်အင်ဂျင်နီယာရုံး၊ မရမ်းကုန်းမြို့နယ်)သည် ရုံး၌ရှိနေစဉ် ၄င်း ငှားရမ်းနေထိုင်သော စာဂလမ်း၊ ၄ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၏ အိမ်ရှင်က အိမ်သို့ အမြန်ပြန်လာရန် ဖုန်းဆက်အကြောင်းကြားသဖြင့် နေအိမ်သို့ပြန်ခဲ့ကြောင်း၊ အိမ်သို့ရောက်စဉ် အခန်းတံခါး သော့ပွင့်နေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ပစ္စည်းများ စစ်ဆေးရာ သံသေတ္တာအတွင်း ခရီးဆောင်အိတ်ဖြင့် ထည့်ထားသည့် ငွေကျပ် ၉၆သိန်းမှာ ပျောက်ဆုံးနေသဖြင့် တောင်ဥက္ကလာပ ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ဖမ်းဆီးရမိ

တရားခံနှင့် သက်သေခံပစ္စည်းများ ဖော်ထုတ် ဖမ်းဆီးသိမ်းဆည်းနိုင်ရေး အတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့က စုံစမ်းခဲ့ရာ ဖေဖော်ဝါရီ ၄ရက် ညနေ၃နာရီက ပစ္စည်းများ ခိုးယူခဲ့သူ ထူးကိုကို အသက်၂၀ (ဘ)ဦးခင်မောင်ညွန့်နှင့် ၄င်း၏ ဇနီး အေးအေးဖြိုး (၂၄)နှစ် (ဘ)ဦးလှရှိန် အနောက်(၁)ရပ်ကွက် သာကေတမြို့နယ် နေသူတို့နှစ်ဦးအား ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံ ရပ်ကွက်ရှိ မိုးကောင်းကင် လက်ဖက်ရည်ဆိုင်၌ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြန်လည်သိမ်းဆည်း

ဖမ်းဆီးရမိသူ ထူးကိုကိုနှင့် အေးအေးဖြိုးတို့ထံမှ ငွေကျပ်၇၆၇၀၀၀၊ ရွှေ ၁၃ကျပ် ၁၄ပဲ ၅ရွေး၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၉၀ခန့်ကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

စစ်ဆေးလျက်ရှိ

ပြစ်မှုကျူးလွန်သူထူးကိုကိုနှင့်အေးအေး ဖြိုးတို့အား တောင်ဥက္ကလာပ ရဲစခန်းမှ (ပ)၉၂/၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၀ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ရွှေကျင်မြို့နယ် ညဈေး လွတ်လပ်ရေးကျောက်တိုင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦး ဖတ်ကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဝန်တင်သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းဖွင့်ပွဲ လှည်းကူး၌ကျင်းပ

လှည်းကူး ဖေဖော်ဝါရီ ၁၅

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီကွပ်ကဲမှုအောက်ရှိ ဌာနခွဲ(၅) ဝန်တင်သုံးဘီး ဆိုင်ကယ်ယာဉ်လိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၈နာရီက လှည်းကူးမြို့နယ် ရဲမွန်တပ်မြို့လမ်းဆုံ မော်တော်ယာဉ် ဂိတ်စခန်း၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ ဝန်တင်သုံးဘီးဆိုင်ကယ် ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးစန်းမြင့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူ၊ ယာဉ်ပိုင်ရှင်များကိုယ်စား ဦးမြဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပြေးဆွဲမည်

အဆိုပါ ဝန်တင်သုံးဘီးဆိုင်ကယ် ယာဉ်များအနေဖြင့် လှည်းကူးတာဆုံမှ ရဲမွန်သို့ ပြေးဆွဲသွားမည်ဖြစ်ပြီး အလားတူ ညောင်နှစ်ပင်လမ်းဆုံမှ ငါးဆူတောင်ကျေးရွာ၊ လှည်းကူးတာဆုံမှ ဒါးပိန်ကျေးရွာများသို့လည်း ပြေးဆွဲသွားမည်ဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

မင်းဘူး(စကု)မြို့၌ ပညာပျိုးခင်း စာကြည့်တိုက်ဖွင့်

မင်းဘူး ဖေဖော်ဝါရီ ၁၂

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် လေးအိမ်တန်းကျေးရွာ ပညာပျိုးခင်း စာကြည့်တိုက်အဆောက်အအုံကို ဖေဖော်ဝါရီ ၃ရက်က မြို့နယ်ဥက္ကဋ္ဌဦးသန်းနိုင်၊ ကျေးရွာစာကြည့်တိုက်ကော်မတီနာယက ဦးကဥ္စနာ၊ မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မြတ်မွန်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးဝင်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ဝ၇၁)

မကွေးမြို့ပေါ်ရပ်ကွက် ၁၉ လမ်း အရှည်ပေ ၉၅၀ကို ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းကို ဇန်နဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အင်ဂျင်နီယာမှူး ဦးဝင်းမြင့်တို့ ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဒေါ်သီရိကိုက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့ မိုးကုတ်တွင် အသိပေးရှင်းလင်း

မိုးကုတ် ဖေဖော်ဝါရီ ၁၂

ပြင်ဦးလွင်ခရိုင် မိုးကုတ်မြို့နယ် ပရဟိတ မေတ္တာမိုး ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့၏ လုပ်ငန်းအသိပေး ရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၁၀နာရီက မင်းတံတားရပ်ကွက် ရတနာသိဒ္ဓိ ပရဟိတ ကျောင်း၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က အမှာစကားပြောကြားပြီး ခုတင် ၁၀၀ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်နွယ်ကြည်က ရောဂါသုံးမျိုးရန်ပုံငွေအဖွဲ့(UNOPS)နှင့် ငှက်ဖျားရောဂါတိုက်ဖျက်ရေး သဘောတူညီမှုရရှိပြီး ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို အသေးစိတ် ရှင်းလင်းကာ စီမံချက်မန်နေဂျာ ဦးမြသောင်းက စီမံချက်အကြောင်း ပထမပိုင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ မသန်စွမ်းအဖွဲ့ဝင်များ ထောက်ပံ့ငွေ ပေးအပ်

ဂန့်ဂေါ ဖေဖော်ဝါရီ ၈

ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ဒုတိယအကြိမ် သက်ကြီးအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များ ထောက်ပံ့ငွေ ပေးအပ်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက် နံနက် ၈နာရီက မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီရုံး၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးမြင့်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး စိန်လှ(ငြိမ်း)က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ မူဝါဒများနှင့်ထောက်ပံ့ငွေ ပေးအပ်ခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းသည်။

ထို့နောက် အသက် ၇၅နှစ်အထက် အဖွဲ့ဝင် ၁၇ဦး၊ မသန်စွမ်းအဖွဲ့ဝင် ၁၂ဦး၊ ပညာရည်ချွန်ဆုရရှိသူ နှစ်ဦး၊ ပညာသင်ထောက်ပံ့ငွေအဖြစ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ကျောင်းသားကျောင်းသူ၁၅၄ဦးတို့အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိန်လှ(ငြိမ်း)နှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေနှင့် ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** (ဝ၇၁)

ကလေးသူငယ်စောင့်ရှောက်ရေး ဆရာဖြစ်သင်တန်းဖွင့်

လားရှိုး ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ရှေးဦးကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ဆရာဖြစ်သင်တန်းအမှတ်စဉ် ၂/၂၀၀၉ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉နာရီက ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာန၏ သင်တန်းခန်းမ၌ကျင်းပရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသုတက တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ သင်တန်းသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ ကျောက်မဲ၊ သိန္နီ၊ သီပေါ၊ တန့်ယန်း၊ မိုးမိတ်၊ နမ့်ခမ်း၊ မဘိန်း၊ မူဆယ်နှင့်ကွတ်ခိုင်မြို့များမှ သင်တန်းသူ ၅၁ဦး တက်ရောက်ကြပြီး အခမ်းအနားဖွင့်ပွဲသို့ ပြည်နယ်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားလေ့လာသူ ပြည်နယ်အတွင်းရှိ စီမံချက်လုပ်ငန်းဆောင်ရွက်နေသည့် တာဝန်ခံများနှင့် နည်းပြဆရာများ တက်ရောက်ကြရာ သင်တန်းကာလမှာ သုံးပတ်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၆ရက်တွင် သင်တန်းဆင်းမည်ဖြစ်ကြောင်း သိရသည်။ **(လူမှုဝန်ထမ်း)**

မြောင်မြို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီ၂၄ရက်က ဈေးအတွင်း မီးသတ်ရေကန်ဘေးကွက်လပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ပြီး မြို့နယ် အရန်မီးသတ်တပ်ခွဲမှူး ဦးတင်အုန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားမီးငြိမ်းသတ်စက်နှင့် မီးသတ်ဆေးဘူးသုံးစွဲနည်းတို့ကို ရှင်းလင်းပြောကြားကာ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ဦးမြို့နယ် သမဝါယမအသင်း လုပ်ငန်းဆိုင်ရာစည်းဝေး

ညောင်ဦး ဖေဖော်ဝါရီ ၁၀

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းများဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့သစ် ပြန်လည်ရွေးချယ်ရေးအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက် နံနက်က ညောင်ဦးမြို့ သမဝါယမဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌဦးကျော်မင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေး စာရင်းများနှင့် အကျိုးငွေခွဲဝေမှုစာရင်းများကို အုပ်ချုပ်မှုဒါရိုက်တာက ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသည့် အသင်းကိုယ်စားလှယ်များက အတည်ပြုကြသည်။ (၃၀၀)

သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ဖရဲကျေးရွာ သောက်ရေကန်တွင်တပ်ဆင်ထားသည့် ကျေးလက်ရေပေးရေးလုပ်ငန်းကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ဖေဖော်ဝါရီ ၂ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်

စစ်ကိုင်း ဖေဖော်ဝါရီ ၁၀

စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် ခက်ခကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ အထက(၃)ကျောင်းအုပ်ဆရာကြီး ဦးညွှန့်လွင်၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးညိုမန်း၊ ခက်ခ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်မော်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စစ်ကိုင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးတင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားပြီးနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်က အထိမ်းအမှတ်အလံများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

18-2 (16).pmd 1 2/18/2009, 2:08 AM

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံခရိုင် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ကွမ်းလုံခရိုင် သာသနာရေးမှူးရုံးသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၈ရက်က ခရိုင်သာသနာရေးမှူးရုံးသစ်ရှေ့၌ကျင်းပရာ နယ်မြေခံတပ်နယ်မှဗိုလ်မှူးကြီးမောင်မောင်မြင့်၊ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းနှင့် ခရိုင်သာသနာရေးမှူး ဦးဇော်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မုံရွာခရိုင် ပြန်/ဆက်ဦးစီးဌာန လုပ်ငန်းများထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ လုပ်ငန်းညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက မုံရွာမြို့ တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဦးစီးမှူး ဦးတင်သန်းဝင်း၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်တို့မှ ဦးစီးအရာရှိများနှင့် လက်အောက်ခံ မြို့နယ်ရုံးများမှ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်း ဦးစီးမှူး ဦးတင်သန်းဝင်းက ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ ညွှန်ကြားချက်များအား ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။**(ယာပုံ)**

ရှင်းလင်း

ထို့နောက် မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့မှ လက်အောက်ခံ မြို့နယ်ဦးစီးမှူးများက ကျေးရွာစာကြည့်တိုက်များ ခိုင်မာအဆင့် ထူထောင်ပြီးစီးမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြကြသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဦးစီးမှူး ဦးတင်သန်းဝင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂၃) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာရည်ချွန်ဆုနှင့်ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကိုက သူငယ်တန်း နှစ်ဘာသာ ထူးချွန်ပထမဆုရ မောင်ရဲရင့်နိုင်အား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ဖြူးမြို့၌ ကျင်းပ

ဖြူး ဖေဖော်ဝါရီ ၁၂

ဖြူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ဆေးဝါးများလှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၅ရက် နံနက် ၁၀နာရီက ဖြူးမြို့နယ် ရေသွံ့ကြီး စံပြကျေးရွာ သားဖွားခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖြူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းနီလာကြည်၊ မြို့နယ်တိုင်းရင်းဆေးခန်းမှူး ဦးမြင့်လွင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းလှလှဋ္ဌေးတို့က ကျန်းမာရေးအသိပညာပေးဟောပြောပြီး ဒေသခံပြည်သူများအား တိုင်းရင်းဆေးဝါးများ လှူဒါန်းကာ ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တာချီလိတ်၌ မြို့သန့်ရှင်းရေး ညှိနှိုင်းစည်းဝေး

တာချီလိတ် ဖေဖော်ဝါရီ ၁၀

တာချီလိတ်မြို့ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ရက် မွန်းလွဲ ၁နာရီက တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ခရိုင်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ လုပ်ငန်းကော်မတီဝင်များမှ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

တာချီလိတ်မြို့အား သန့်ရှင်းသာယာလှပပြီး အမှိုက်ကင်းစင်ရေး၊ ခြင်ကျားကင်းစင်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၁၆)**

ရန်ကင်းမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်ကကျင်းပရာ စတုတ္ထတန်းမှ ဆုရရှိသူ မောင်ညီရဲထက်အား ကျောင်းအုပ်ဆရာမကြီးဒေါ်လှလှက ဆုချီးမြှင့်စဉ်။ (၁၇၀)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဇန်နဝါရီ ၂၆ရက်က ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကန်အုပ်စု စည်ပေါက်ကန်ကျေးရွာ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးက ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂(စက်မှု) ဦးစိုးမင်းလတ်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

မှုခင်း သတင်း

သားအမိနှစ်ဦးအား ဓားဖြင့်ခုတ်သတ်ပြီး ဗျိုက်တောထဲတွင် ဖျောက်ဖျက်ထားသူအား ဖမ်းဆီးရမိ

ဖျာပုံ ဖေဖော်ဝါရီ ၁၆

ဖျာပုံမြို့နယ် သဲအိမ်တမံကျေးရွာအုပ်စု ဆည်မကြီးကွင်းတွင် သားအမိနှစ်ဦးအား ဓားဖြင့်ခုတ်သတ်ပြီး ဗျိုက်တောထဲတွင် ဖျောက်ဖျက်ထားမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအုပ်စု ကန်ချောင်းကျေးရွာဇာတိဖြစ်သူ စောချစ်အသက်(၂၀)သည် အိမ်ထောင်ကျ၍ သဲအိမ်တမံကျေးရွာအုပ်စု ဆည်မကြီး ကွင်းသို့ ပြောင်းရွှေ့ပြီး ယောက္ခမ၏ မိသားစုနှင့်အတူ နေထိုင်စဉ် နေအိမ်နှင့် ကိုက်၅၀ခန့်အကွာတွင်နေထိုင်သူ မငယ်(၂၁)နှစ်က စောချစ်၏ ယောက္ခမအား မဟုတ်မမှန်ဘဲ လိမ်လည်ကုန်းချောစကားပြောကြား၍ ယောက္ခမဖြစ်သူက စောချစ်အား ကြိမ်းမောင်း ပြောဆိုခဲ့သည်။

ဖျောက်ဖျက်

ဇန်နဝါရီ ၁၃ ရက် ညနေ ၆ နာရီခန့်က စောချစ်သည် ကိုင်းထောက်ငါးများရန် ကိုင်းတံများနှင့် ကိုင်းထောက်နေသည့် နေရာဝန်းကျင်ရှိ မြက်များကို မြက်ခုတ်ဓားနှင့် ရှင်း၍ ငါးဖြူရိုးဂွထိပ် ကန်သင်းရိုးပေါ်တွင် ကိုင်းထောက်နေစဉ် မျက်နှာချင်းဆိုင်မှ မငယ်ရောက်ရှိလာ၍ စောချစ်က မငယ်အားအစ်မကြီးကကျွန်တော့်ယောက္ခမကို ဘာလို့မဟုတ်တာတွေ ပြောတာလဲဟု မေးရာ၊ မငယ်ကစောချစ်အား နင့်ကိုမိုးတွင်းကတည်းက ချဉ်နေတာဟု လက်ညှိုးထိုး၍ ဆဲဆိုခဲ့ရာ စောချစ်က ဒေါသထွက်ပြီး ယာဘက်လက်တွင် ကိုင်ထားသော မြက်ခုတ်ဓားဖြင့် မငယ်၏ ဝဲဘက်လည်ပင်းအားအားကုန်လွှဲခုတ်လိုက်သဖြင့် မငယ်၏ ဦးခေါင်းမှာ ပြတ်သွားပြီး ငါးဖြူရိုးဂွထိပ် ဗျိုက်တောထဲသို့ ကျသွားသည်။ မငယ်၏ ကိုယ်ခန္ဓာမှာ စောချစ်၏ယောက္ခမလယ်ကွင်းထဲသို့ ထိုးကျသွား၍ မငယ်၏ ခြေထောက်နှစ်ချောင်းမှနေပြီး ကိုယ်ခန္ဓာကြီးအား ငါးဖြူရိုးဂွထိပ် ဗျိုက်တောထဲသို့ တရွတ်ထိုးဆွဲသွား၍ ခြေထောက်ဖြင့်နင်းပြီး ဗျိုက်တောထဲတွင် ဖျောက်ဖျက်ခဲ့သည်။

လိုက်လံပြသ

စောချစ်သည် မငယ်၏ နေအိမ်ရှေ့မှ ပြန်လာရာ မငယ်၏အိမ်ပေါ်တွင် မငယ်၏ သားဖြစ်သူ မိုးဇော်(ငါးနှစ်)အား တွေ့ရှိ၍ ဖျာပုံ-ဘိုကလေးကားလမ်းမပေါ်တွင် သွားထားရန်ခေါ်လာရာ မိုးဇော်က ငိုသဖြင့် မငိုရန်ချော့သော်လည်း မရဖြစ်ပြီး မိုးဇော်၏ ဝဲဘက် လည်ပင်းအား လက်ထဲတွင်ပါလာသော မြက်ခုတ်ဓားဖြင့် တစ်ချက်ခုတ်လိုက်ရာ မိုးဇော်မှာ သေဆုံးသွားသည်။ မိုးဇော်၏အလောင်းနှင့် အဝတ်အစားများကို ဗျိုက်တောထဲတွင် ခြေထောက်ဖြင့်နင်း၍ ဖျောက်ဖျက်ခဲ့ပြီး စောချစ်အိမ်သို့ပြန်လာကာ ညအိပ်ရာဝင်ခဲ့သည်။

စောချစ်သည် ဇန်နဝါရီ ၁၅ရက် နံနက် ၁၁နာရီခန့်တွင် ယောက္ခမဖြစ်သူအား ဖြစ်စဉ်ကိုပြောပြရာ ယောက္ခမဖြစ်သူက ရပ်ကွက်ဥက္ကဋ္ဌ ဦးမြလှိုင်အိမ်သို့ ပို့ဆောင်ပေးခဲ့ပြီး ဥက္ကဋ္ဌအား အဖြစ်မှန်ကို ပြောပြသည်။ ဥက္ကဋ္ဌမှ ဖျာပုံရဲစခန်းသို့ အကြောင်းကြား၍ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးအေးကြူနှင့် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိခဲ့ကြရာ စောချစ်က မငယ်၏ အလောင်းနှင့် မိုးဇော်၏ အလောင်းကို လိုက်လံပြသခဲ့သည်။

အရေးယူ

မငယ်နှင့် မိုးဇော်တို့အား မြက်ခုတ်ဓားနှင့် ခုတ်သတ်သူစောချစ်အား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးပြီး ဖျာပုံရဲစခန်းက (ပ)၁၇/၂၀၀၉၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ဖြင့် အရေးယူထားကြောင်း သိရသည်။ **(၁၃၈)**

သံတွဲမြို့ ဦးဥတ္တမလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက်က အဆိုပါလမ်းထိပ်မှန်ဦး၌ ကျင်းပရာ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် သံတွဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

ခိုင်မာစာကြည့်တိုက် အဆောက်အအုံများ အချိန်မီပြီးစီးရေး ညှိနှိုင်းစည်းဝေး

ဝိုင်းမော် ဖေဖော်ဝါရီ ၁၁

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်အတွင်းရှိ ခိုင်မာစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံများ အချိန်မီပြီးစီးရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ရက် မွန်းလွဲ ၁နာရီက ဝိုင်းမော်မြို့နယ်အသင်းရုံးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းစည်းဝေး

အခမ်းအနားတွင် မြစ်ကြီးနားခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က မြို့နယ်အတွင်းရှိ ကျေးရွာ၌ ခိုင်မာစာကြည့်တိုက် ကိုယ်ပိုင်အဆောက်အအုံများ အချိန်မီပြီးစီးရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းအသေးစိတ်ကို မြို့နယ်အသင်းအတွင်းရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ ညှိနှိုင်းဆွေးနွေးကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် General Anupong Paojinda ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ *စာမျက်နှာ ၈ ကော်လံ ၁ **

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General Anupong Paojinda** ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် **General Anupong Paojinda** အား နေပြည်တော်လေဆိပ်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အင်တာနက်
ကျန်းမာရေး

ပန်းရနံ့သင်းပျံ့ပြီး တိတ်ဆိတ်သောနေရာ၌ အနားယူလျှင် နလုံးရောဂါနှင့် စိတ်ကျရောဂါဖြစ်ပွားမှု လျော့နည်းနိုင်ဟုဆို

အလုပ်ကို အချိန်များစွာ ပြုလုပ်ရသူများအနေဖြင့် ပန်းရနံ့သင်းပျံ့သော အခန်း သို့မဟုတ် ခေတ္တအနားယူရာနေရာ၌ နာရီဝက်ခန့် မျက်စိကိုမှိတ်ပြီး သက်သောင့်သက်သာစွာ အပန်းဖြေခြင်းသည် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးကို သိသာစွာအထောက်အကူပြုစေကြောင်း ပြင်သစ်သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဖိစီးမှု

ထိုသို့အနားယူသည့်အခါ အလုပ်ဖိစီးမှုကြောင့်ဖြစ်ပေါ်လာသော စိတ်ကျရောဂါနှင့် နလုံးရောဂါတို့ဖြစ်ပွားမှုကို လျော့နည်းကျဆင်းစေကြောင်း အလုပ်ပင်ပန်းစွာလုပ်သူ ၃၀၀၀ ခန့်ကို သုတေသနပြုလေ့လာချက်အရ တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။

သင်းပျံ့သောရနံ့

သင်းပျံ့သောရနံ့နှင့် တိတ်ဆိတ်ငြိမ်သက်သောနေရာ၌ ခေတ္တအနားယူချိန်တွင် သွေးလည်ပတ်မှုပုံမှန်ဖြစ်စေသည့်အပြင် ခန္ဓာကိုယ်အတွင်းဆဲလ်များ ပျက်စီးမှုလည်း လျော့နည်းစေကြောင်း သိရသည်။

သို့သော် စူးရှသောရနံ့နှင့် ဆူညံသောပတ်ဝန်းကျင်မှာမူ ပြောင်းပြန်အကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကြောင်း ၎င်းတို့က ပြောကြားသည်။